တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်က တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၃ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်၏ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသော ညောင်ပင်သာကျေးရွာ၊ ကျောက်တော(တ) ကျေးရွာ၊ မင်းပလောင်ကျေးရွာနှင့် သစ်သမီးကျေးရွာများတွင် တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများကို ဒေသစရိတ်ခံစားခွင့်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ပြည်ထောင်စုအဆင့် စီစစ်ရေး ကော်မတီမှ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် ခွဲခြားသတ်မှတ်ထားသည့် ရှမ်းပြည်နယ်အတွင်း (က)အုပ်စုမှ လူမှုရေးသင့်တင့်သောဒေသများတွင်ပါဝင်သည့် ၃၁ မြို့နယ်ရှိ မြို့ပေါ် ၂၇ မြို့နှင့် ကျေးရွာအုပ်စု ၂၆၂ အုပ်စု၊ (ခ) အုပ်စုမှ လူမှုရေးခက်ခဲသော ဒေသများတွင်ပါဝင်သည့် မြို့နယ် ၃၀ ရှိ မြို့ပေါ် ခုနစ်မြို့နှင့် ကျေးရွာအုပ်စု ၄၃၄ အုပ်စု၊ (ဂ) အုပ်စုမှ လူမှုရေးအခက်အခဲဆုံးဒေသတွင် ပါဝင်သည့် ၁၅ မြို့နယ်ရှိ မြို့ပေါ် ရှစ်မြို့နှင့် ကျေးရွာအုပ်စု ၂၇၂ အုပ်စု တို့တွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံဝန်ထမ်းများအတွက် ရာထူးအဆင့်အလိုက်၊ လစာခွန်းထားများအလိုက် ဒေသစရိတ်များကို ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မေ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၉ အရ ခံစားခွင့်ပြုထားခဲ့ပြီး ဖြစ်ပါကြောင်း။

အဆိုပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၉ အရ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်ခံစားခွင့်ပြုထားသည့် ရှမ်းပြည်နယ် အတွင်းရှိ အဆိုပါဒေသများတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်ရှိ ညောင်ပင်သာကျေးရွာ၊ ကျောက်တော(တ) ကျေးရွာ၊ မင်းပလောင်ကျေးရွာနှင့် သစ်သမီးကျေးရွာတို့ ပါဝင်ခြင်းမရှိသည့်အတွက် အဆိုပါကျေးရွာများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများအတွက် ဒေသစရိတ်ခံစားခွင့် အကျိုးမဝင်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၊ ကျုံဗျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့၏ အဓိကရေလမ်းကြောင်း ဖြစ်သော ဒါးကမြစ်အတွင်း သဲသောင်ထွန်းခြင်းနှင့် နုန်းတင်ခြင်းများကြောင့် မြစ်ကြောင်းတိမ်ကောလာ၍ နှစ်စဉ်ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေခြင်းကို ကုစားနိုင်ရန်အတွက် ဒါးကမြစ်ကြောင်း တူးဖော်ရေး လုပ်ငန်းကို နိုင်ငံတော်ဘဏ္ဍာငွေ သို့မဟုတ် တိုင်းဒေသကြီး ဘဏ္ဍာငွေဖြင့် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ဒါးကမြစ်အတွင်း နှစ်စဉ် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေခြင်းသည် မြစ်အားအသုံးပြု၍ မိုတင်းနေထိုင်



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပစဉ်။

ကြသူတို့၏ လုပ်ဆောင်မှုကြောင့်ဖြစ်ပြီး မြစ်ကြောင်း တိမ်ကောလာမှုအား နုန်းအနည်အနှစ်များ ဖယ်ရှား ပေးရန်အပြင် သက်ဆိုင်ရာဌာနများမှလည်း မိမိတို့ ဌာနနှင့်သက်ဆိုင်သည့် ရေကြောင်းအဟန့်အတား ဖြစ်စေမည့်ကိစ္စများအား ထိရောက်စွာ ကိုင်တွယ် ဖြေရှင်းသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဒါးကမြစ်အတွင်း နုန်းအနည်များ ဖယ်ရှားပေး နိုင်ရေး ဆောင်ရွက်မည်ဆိုပါက ရေကြောင်းတိုင်းတာ စစ်ဆေးမှုများကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး ရရှိ လာသော တိုင်းတာစစ်ဆေးချက်များအရ ဆောင်ရွက် ရမည့်အစီအမံများကို ထပ်မံရေးဆွဲရမည်ဖြစ်ပါသော ကြောင့် အချိန်ယူဆောင်ရွက်ရမည့် ရေရှည်စီမံကိန်း တစ်ခုဖြစ်ပါကြောင်း၊ မြစ်တစ်လျှောက် လူနေကျေးရွာ များ၊ လယ်ယာမြေများ တည်ရှိနေသဖြင့် လိုအပ်သည့် နေရာများတွင် မြစ်ကမ်းပါးကာကွယ်ရေးလုပ်ငန်း များကိုပါ တစ်ပါတည်းဆောင်ရွက်သွားရန် လိုအပ် မည်ဖြစ်၍ ကုန်ကျစရိတ်များပြားပြီး ရရှိလာမည့် အကျိုးကျေးဇူးနှင့် ချိန်ဆဆောင်ရွက်ရမည်ဖြစ်ပါ ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ချောင်းအတွင်း ရေစီးရေလာအဟန့်အတားဖြစ်စေ သည့် ငါးခြံများ၊ တရားမဝင် စွန့်ပစ်ထားသည့် အမှိုက် သရိုက်များကို သက်ဆိုင်ရာဌာနများက ပထမဆုံး ဖယ်ရှားရှင်းလင်းသွားရမည်ဖြစ်ပါကြောင်း၊ ကနဦး တိုင်းတာရေးနှင့် စစ်တမ်းဆောင်ရွက်ပြီး ရလဒ်အပေါ် မူတည်၍ လိုအပ်သည့်လုပ်ငန်းစီမံချက်များ ရေးဆွဲကာ ကုန်ကျစရိတ်ကို တစ်ပြိုင်တည်းတွက်ချက်၍ ရန်ပုံငွေ တင်ပြတောင်းခံပြီး ရရှိလာသည့် ဘဏ္ဍာငွေအပေါ် မူတည်၍ နှစ်ဆက်လုပ်ငန်းအဖြစ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာနအနေဖြင့်လည်း နည်းပညာနှင့် လုပ်ငန်း ဆိုင်ရာအကူအညီများနှင့် ပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂)ဦးအောင်ချစ်လွင်၏ **စစ်ကိုင်း တိုင်းဒေသကြီး ခန္ဓီးမြို့ ရန်ကင်းတောင်သာသနာ့ ရိပ်သာကုန်းမြေပေါ်တွင်ရှိသော သာသနာ့အမွေအနှစ် များ ရေရှည်တည်တံ့နိုင်ရန်၊ နောင်လာနောက်သား များ ဖူးမြော်ကြည်ညိုခွင့်ရရှိနိုင်ရန်အတွက် ချင်းတွင်း မြစ်ရေကြီးချိန် ရေဦးထိုးဒဏ်နှင့် ဝဲကတော့တိုက်စားမှု ဒဏ်မှ ကာကွယ်နိုင်ရန်အတွက် ကမ်းပြိုကာကွယ်မှု လုပ်ငန်းဖြစ်သည့် ကမ်းထိန်းနံရံ (Retaining Wall) အလျင်အမြန် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် ၂၀၂၆ - ၂၀၂၇ ဖြည့်စွက်ဘတ်ဂျက်တွင် ရန်ပုံငွေ ထည့်သွင်းဆောင်ရွက်ပေးရန် **အစီအစဉ် ရှိ/မရှိ** မေးခွန်း နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက စစ်ကိုင်း တိုင်းဒေသကြီး ခန္ဓီးမြို့သည် ချင်းတွင်းမြစ်အထက်ပိုင်း ဒေသတွင်တည်ရှိပြီး ခန္ဓီးမြို့ ရန်ကင်းတောင်သာသနာ့ ရိပ်သာကုန်းမြေသည် ချင်းတွင်းမြစ်၏ အရှေ့ဘက် ကမ်းရှိမြင့်မားမတ်စောက်သော သဲကျောက်တောင်ပေါ် တွင် တည်ရှိကာ မြသိန်းတန်စေတီသည် ထင်ရှား သော မြို့ဦးစေတီ တစ်ဆူဖြစ်ပါကြောင်း၊ မြသိန်းတန် စေတီအနီး၌ သဲကျောက်တောင်ကမ်းပါး၏ အမြင့် သည် ရေစစ်မျဉ်းအထက် ပေ ၈၀ ခန့် မြင့်မားပြီး မတ်စောက်လျက်ရှိပါကြောင်း၊ မြသိန်းတန်စေတီ တည်ရှိရာနေရာ အထက်ဘက်တွင် ချင်းတွင်းမြစ်သည် အင်္ဂလိပ်အက္ခရာ "S" ပုံသဏ္ဌာန် စီးဆင်းနေပါကြောင်း။

လက်ရှိတွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့ ရန်ကင်းတောင်သာသနာ့ရိပ်သာကုန်းမြေ ယခင် ဆောင်ရွက်ပြီး မြေထိန်းတံတိုင်း၏ အောက်ဘက်တွင် ကမ်းပါးမြင့်မားမတ်စောက်ခြင်းနှင့် မိုးရေစီးကြောင်း ကျဆင်းခြင်းတို့ကြောင့် ယခင်တည်ဆောက်ခဲ့သည့် ကမ်းထိန်းနံရံ၏ အလျား ပေ ၁၅၀ ခန့်သည် ကမ်းပါး အိုကျမှုဖြစ်ပေါ်နေသည်ကို တွေ့ရှိရပြီး သာသနာ့ ကုန်းမြေနှင့်စေတီတော်အနီး မြစ်ကမ်းပါးတည်ငြိမ် နိုင်ခဲ့ရေးဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့ ရန်ကင်း တောင် သာသနာ့ရိပ်သာကုန်းမြေအား ချင်းတွင်းမြစ် ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် ကမ်းပါးအိကျ နေသည့် အလျား ပေ ၁၅၀ အား လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတင်ပြတောင်းခံပြီး ဖြစ်ပါ ကြောင်းနှင့် ရန်ပုံငွေရရှိချိန်တွင် ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စား လှယ်အမှတ်(၉) စောမြတ်ထွဋ်ဝင်း (ခ)ကိုဆွိ၏ **ကရင် ပြည်နယ် ဘားအံမြို့ရှိ နိုင်ငံတော်ပိုင် ဘားအံလေဆိပ် အား ပုံမှန်လေကြောင်းခရီးစဉ်များကို ထည့်သွင်းစီစဉ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောင်ရွက် ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက် ပေးမည်နှင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက မည်သည့် အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဘားအံ လေယာဉ်ကွင်းသည် ၂၀၁၉ ခုနှစ် နောက်ပိုင်းမှစတင် ၍ ယနေ့အထိ ခုနစ်ခုနှစ်အတွင်း အသုံးပြုမှုမရှိခဲ့သဖြင့် ယခု အခါ ပြေးလမ်းမျက်နှာပြင် ပျက်စီးမှုများဖြစ်ပေါ်နေခဲ့ ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများလည်း ဆောင်ရွက် လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ လေကြောင်းလိုင်း များတွင် လက်ရှိအသုံးပြုလျက်ရှိသော အငယ်ဆုံး လေယာဉ်များဖြစ်သည့် ATR 72 အမျိုးအစား လေယာဉ်များ အဆင်းအတက်ပြုလုပ်ရန် အနည်းဆုံး ကွင်းအရှည် ပေ ၆၀၀၀ ရှိရမည်ဖြစ်ပါကြောင်း၊ ပြေးလမ်းခဲ့ထွင်နိုင်ရန်အတွက် လေယာဉ်ကွင်း၏ ပတ်ဝန်းကျင်အခြေအနေအရ လေယာဉ်ပြေးလမ်း မြောက်ဘက်ထိပ်မှ ပေ ၄၇၀၀ ခန့်အကွာတွင်ရှိသော သာသနိကအဆောက်အအုံပေါ်တွင် တည်ထားသည့် စေတီတော်နေရာသည် လေယာဉ်ပြေးလမ်းတက် သည့် တည့်တည့်ပေါ်တွင် ကျရောက်နေပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်မှ သတ်မှတ်ထားသော Obstacle Limitation Surface (OLS) အရ လွတ်ကင်းမှုမရှိသောကြောင့် လေယာဉ် များ အဆင်းအတက်ပြုလုပ်ရာတွင် အန္တရာယ်ဖြစ်စေ နိုင်သဖြင့် လေယာဉ်ပြေးလမ်းအား မြောက်ဘက်သို့ တိုးချဲ့၍မရနိုင်ပါကြောင်း။

လက်ရှိအနေဖြင့် ဘားအံလေဆိပ်နှင့် အနီးဆုံး ဖြစ်သည့် မော်လမြိုင်လေဆိပ်သို့ လေကြောင်းခရီးစဉ် အဖြစ် အပတ်စဉ် တနလာနှင့် သောကြာနေ့တို့တွင် ပြေးဆွဲလျက်ရှိရာ ဘားအံမြို့နှင့် မော်လမြိုင်မြို့တို့၏ ကားလမ်းခရီးအကွာအဝေးသည် ၃၅ မိုင်ခန့်၊ ကြာချိန် အားဖြင့် တစ်နာရီခန့်သာ ကြာမြင့်မှုရှိပါသဖြင့် ဘားအံ မြို့မှ လေယာဉ်ခရီးစဉ်နှင့် လိုက်ပါလိုသူများ ခရီးသွား လာရေးအတွက် အဆင်ပြေချောမွေ့မှုရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ သို့ပါ၍ ဘားအံလေဆိပ်သို့ ပုံမှန် လေကြောင်းခရီးစဉ်များကို ပျံသန်းပြေးဆွဲနိုင်ရေး ကန့်သတ်ချက်များရှိနေသည့်အတွက် ပုံမှန် လေယာဉ်များ ဆင်းပေး၍မရပါကြောင်း ဖြေကြား သည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်ကြူနိုင်၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း တည်ဆောက်နိုင်ပါက နိုင်ငံတကာမှသင်္ဘောများ ဆိုက်ကပ်၍ ကုန်ပစ္စည်း များ အတင်အချပြုလုပ်နိုင်ခြင်း၊ Free Trade Zone (FTZ) ပြုလုပ်နိုင်သည့်အတွက် နိုင်ငံတော်အနေဖြင့် အခွန်ဘဏ္ဍာများ ပိုမိုရရှိနိုင်ခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါ သဖြင့် ကော့သောင်းမြို့တွင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (International Port) တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် တည်ဆောက် ပေးရန် လျာထားမှုရှိပါက မည်သည့်ဘဏ္ဍာရေးနှစ် တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ကော့သောင်း တွင် လက်ရှိအချိန် အလျား ၃၂၈ ပေ၊ အကျယ် ၉၈ ပေရှိသည့် ပြည်တွင်းဆိပ်ကမ်းတစ်ခု တည်ဆောက် လျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကို ၂၀၂၈ ခုနှစ် ဧပြီလတွင် ပြီးစီးရန်လျာထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်စားလှယ် မေးမြန်း သည့်နေရာ၏ မြောက်ဘက်တွင် လက်ရှိ တော်ဝင် ဆိပ်ကမ်းတံတားရှိပါကြောင်း၊ အဆိုပါတံတားသည် သံကျက္ခန်ကရစ်ဆိပ်ကမ်းတံတားဖြစ်ပြီး သက်တမ်း ၂၈ နှစ် ရှိပြီဖြစ်သည့်အတွက် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ခုနှစ်တွင် စတင်ဆောင် ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ် ဒီဇင်ဘာလအတွင်း ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ဆိပ်ခံတံတားနှင့် ကိုယ်စားလှယ် မေးမြန်း သည့် ဆိပ်ကမ်းတံတားနှစ်ခုဏ အကွာအဝေးသည် ၁၅ ပေသာရှိပြီး အစအဆုံး မိတာ ၂၁၀ ဖြစ်သည့် အတွက် မိတာ ၉၀ ခန့်ရှိသည့် ရေယာဉ်နှစ်စင်း လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတစ်ခုတည်ဆောက် မည်ဆိုပါက သတ်မှတ်ချက်များနှင့်ပြည့်စုံရန် လိုအပ် ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာသင်္ဘောကြီးများ ဝင်ရောက်နိုင်သည့် ရေနက်လုံလောက်မှုနှင့် သင်္ဘော ကြီးများလှည့်နိုင်ပြီး ကပ်နိုင်၊ ခွာနိုင်မည့် အကျယ်အဝန်း ရှိရမည်ဖြစ်ပါကြောင်း၊ နောက်ခံမြေအကျယ်အဝန်း များ လုံလောက်ရန် အနည်းဆုံးသတ်မှတ်ချက်သည် ၃၇ ဧကဖြစ်သော်လည်း ကိုယ်စားလှယ်မေးမြန်းသည့် နေရာသည် ၄ ဒသမ ၄ ဧကသာရှိပါကြောင်း၊ ထို့ပြင် အဆောက်အကူပြုပစ္စည်းများနှင့် ကွန်တိန်နာများကို သယ်ထုတ်မည့် ကားလမ်း၊ မီးရထားလမ်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း တည်ဆောက်ရန် ကန့်သတ်ချက်များစွာရှိသည့်အတွက် အပြည်ပြည် ဆိုင်ရာဆိပ်ကမ်းအစား ပြည်တွင်းကမ်းရိုးတန်း ဆိပ်ကမ်းတစ်ခုကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှ စတင်တည်ဆောက်လျက်ရှိပြီး ၂၀၂၈ ခုနှစ် ဇူလိုင်လ တွင် ပြီးစီးရန်လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသား လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက် မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို နိုဝင်ဘာ ၂ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

❒ ကျောဖုံးမှ

အဆိုပါပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ပါဝနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဒုတိယသမ္မတသည် ဇာတ်တော်ကြီး ပြိုင်ပွဲတွင် အကဖြတ်ဆောင်ရွက်ပေးကြမည့် ဦးဝင်းအဖွဲ့မှ ဝါရင့်အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် ပရိသတ်များနှင့်အတူ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု “မန်းရွှေဝိုရူ” ဇာတ်တော်ကြီးအဖွဲ့၏ ဝိုရူရ ဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြရာ ပြိုင်ပွဲဝင်များက အခန်းစဉ်များအလိုက် မူရင်းဇာတ်စာ၊ ပျို့လင်္ကာ၊ ရတုနှင့် ဆုံးမစာများ၊ အကအလှများ၊ ဇာတ်လမ်း၏ အနှိမ့်အခြင့်အလိုက် ရွေးရိုးရာ ပတ်ပျို့၊ ကြိုး၊ သီချင်းခံတို့ကို ရတု၊ ရကန်၊ လေးဆစ် “အဆိုပညာ”ရပ်၊ အလွမ်းအဆွေး သရုပ်ဆောင်ရာတွင် အသုံးချသည့် “အငိုပညာ”ရပ်နှင့် နားထောင်ရသူစွဲမက်စေမည့် “အပြောပညာ” ရပ်တို့ဖြင့် ဇာတ်ညွှန်းအတိုင်း ဝါကျအဖြတ်အတောက်မှန်ကန်စွာ မြန်မာ့ရိုးရာသဘင်ကျင့်ထုံးများကို မဖောက်ဖျက်ဘဲ တီထွင်ဖန်တီးမှုများနှင့်ပေါင်းစပ်၍ ကပြယှဉ်ပြိုင်ကြသည်။

ဝိုရူရဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်ဘွဲ့ အနက်မှ နဝမမြောက်ဇာတ်တော်ကြီးဖြစ်ပြီး ဇာတ်တော်ကြီးကို ကိုယ်ကျင့်သိလ ဖြူစင်ဖြောင့်မတ်မှုအပေါ်တွင် အခြေခံသောပညာ၏ အကျိုးကျေးဇူးများကို သိရှိသဘောပေါက်ကြစေရန်၊ သာဓုနရတရားလေးပါးအကြောင်း သိရှိနားလည် ကျင့်သုံးလိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ ဆိုးပြစ်နှင့်မကောင်းသော အကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိရူရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက် သူတော်ကောင်းတရားနှင့် သူတော်ကောင်းဥစ္စာ ၇ ပါးကို ပွားများနိုင်ကြစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကပြယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၆ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ “ဝိရူရ” ဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ဥဿာမဟာသဘင် ဇာတ်တော်ကြီး အဖွဲ့ကလည်းကောင်း၊ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန်းရွှေဝိုရူရဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း သရုပ်ဖော်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာ ကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့များက သတ်မှတ်ရက်များအလိုက် ဆက်လက်ပါဝင်သရုပ်ဖော်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K)(AM) တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၂



ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေး ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၁-၄-၂၀၂၆ တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

ဆွေးနွေး

နာဂ အမျိုးသားဆိုရှယ်လစ်ကောင်စီ(NSCN-K) (AM) အဖွဲ့ အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် ပူးပေါင်းပါဝင်ဆွေးနွေးလိုသည့် အတွက် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နာဂ အမျိုးသား ဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM) အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Grand Amara ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM) ဥက္ကဋ္ဌ ဦးအန်းမိုင်၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် ဦးချင်းမောင်၊ ဦးမန်ခပ်၊ ဦး Y ခွန်းမောင်၊ ဦး K ပါပီနှင့် ဦးလန်းညိုင်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယခင်က NSCN –K အဖွဲ့သည် Bilateral လက်မှတ်ထိုးခဲ့သော အဖွဲ့ဖြစ်ကြောင်း၊ ယခင်လာရောက် ဆွေးနွေးစဉ် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း၊ နာဂအမျိုးသားများသည် မိမိတို့၏ တိုင်းရင်းသားလူမျိုးများဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရမှ ဆောင်ရွက်ပေးရန် လိုအပ်သည်များကို တင်ပြပေးစေလိုကြောင်း၊ NSCN –K (AM) အဖွဲ့သည် ဒေသတည်ငြိမ်အေးချမ်းရေး အတွက် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး လိုအပ်ချက်များ၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေး သွားစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K)(AM) ဥက္ကဋ္ဌ ဦးအန်းမိုင်က ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ရန် ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့အနေဖြင့် ယခုလို နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ရရှိသည့်အတွက် သမိုင်းတွင်အရေးပါသော မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ဆွေးနွေးပွဲများမှ ရရှေ့ည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက် သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက် အအုံနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ နောက်ကျကျန်ခဲ့မှု မရှိစေရေး ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်းနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို တိုးတက်စေမည့်ရလဒ်များ ရရှိအောင် ဖော်ဆောင် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အခြားမြို့နယ်များ ထပ်မံထည့်သွင်း ဆောင်ရွက်လိုခြင်းနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွှတ်တော်တွင် တင်ပြဆောင်ရွက်နိုင်မှု၊ နိုင်ငံရေးလိုလားချက်များကို တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒ (၄) ရပ်နှင့်အညီ ဆောင်ရွက်သွားရေး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျေးရွာ၊ ကျေးရွာအုပ်စုများကို မြို့အဖြစ်ပြောင်းလဲဖွဲ့စည်းရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ ဦးစီးဌာနများ၏ သတ်မှတ်ချက်လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်နိုင်မှု၊ ဒေသတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးနှင့်ပတ်သက်ပြီး လမ်းအပိုင်းလိုက် ဦးစားပေးလိုအပ်ချက်သတ်မှတ်ပြီး တင်ပြသွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်၍ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသော ဒေသခံ ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်နှင့် ပညာရေးကျောင်းများတွင် တက်ရောက်သင်ကြားနိုင်ရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နယ်မြေဒေသအတွင်းရှိတပ်မတော်၊ အစိုးရ ဌာနများနှင့် လုံခြုံရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် ပူးပေါင်းလက်တွဲ ဆောင်ရွက်ရေးနှင့် အောက်ခြေရှိ လက်နက်ကိုင် တပ်ဖွဲ့ဝင်များက ငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သော ဆောင်ရွက်နေထိုင်မှုများ မပြုလုပ်ရန် စနစ်တကျ ကြပ်မတ်ပေးရေးတို့ကို ဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K)(AM) ဥက္ကဋ္ဌ ဦးအန်းမိုင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိုင်းချုပ်အမှာစကား ပြောကြားကာ အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲကို ရှပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

❍ M-Leagueမှ

ပွဲစဉ်(၂၀)တွင်ချန်ပီယံဆုအတွက်အပြိုင်ဖြစ်နေသည့် အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း နှစ်သင်းစလုံး နိုင်ပွဲရခဲ့ပြီး တစ်ပွဲပိုကစားထားသည့် ဒဂုံစတားယူနိုက်တက်အသင်းမှာမူ နိုင်ပွဲပျောက်ဆုံးခဲ့သဖြင့် ချန်ပီယံမျှော်လင့်ချက် အနည်းငယ် ဝေးကွာခဲ့သည်။ ပွဲစဉ် (၂၀) တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရန်ကုန်စီးတီးအသင်းကို သုံးဂိုး-နှစ်ဂိုး၊ အား/ကာသိပ္ပံအသင်းက Chinland အသင်းကို ခြောက်ဂိုးပြတ်၊ ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဟံသာဝတီယူနိုက်တက်အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ စစ်ကိုင်းယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိပြီး Falcon အသင်းနှင့် Galaxy အသင်းတို့က တစ်ဂိုးစီသရေ၊ ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက် အသင်းတို့က နှစ်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ် (၂၀)၏ ပွဲစဉ်အလိုက် AYA Pay Player of the Match ဆုများကို ရန်ကုန်ယူနိုက်တက်အသင်းမှ ကျော်ညီညီ၊ အား/ကာသိပ္ပံအသင်းမှ စစ်ငြိမ်းချမ်းဦး၊ ရှမ်းယူနိုက်တက်အသင်းမှ ကောင်းထက်ကျော်၊ စစ်ကိုင်းယူနိုက်တက်အသင်းမှ ပိုင်သက်ဦး၊ ရတနာပုံအသင်းမှ ရဲရဲဦးအောင်တို့ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် နှစ်သိန်းစီ ရရှိသည်။

ပွဲစဉ် (၂၀) အပြီးတွင် အား/ကာသိပ္ပံအသင်းက ပွဲ ၂၀ ကစား ၄၇ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ပွဲ ၂၀ ကစား ၄၆ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၁ ပွဲကစား ၄၃ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၂၁ ပွဲကစား ၃၈ မှတ်ဖြင့် ထိပ်ဆုံးလေးသင်းစာရင်းတွင် အစဉ်လိုက် ရပ်တည်နေသည်။ ထို့ကြောင့် ချန်ပီယံဆုအတွက် တစ်မှတ်အကွာဖြစ်နေသည့် အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့အပြိုင်လုရမ္မယ်ရှိနေသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MLeague

❍ M-League II မှ

ပဒုမ္မာကွင်း၌ Elite Kings အသင်းနှင့် Junior Lions အသင်း၊ YUSC ကွင်း၌ ရာမည ယူနိုက်တက်အသင်းနှင့် VUE နေပြည်တော်အသင်း၊ အောက်တိုဘာ ၂၅ ရက်တွင် တက္ကသိုလ်ကွင်း၌ တက္ကသိုလ်အသင်းနှင့် Enjoy Brother အသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် တက္ကသိုလ်ကွင်း၌ ရွှိင်ရယ်ဒဂုံအသင်းနှင့် မနောအသင်းတို့ ယှဉ်ပြိုင်ကစား မည်ဖြစ်သည်။ ပွဲစဉ် (၂)တွင် အဖွင့်ပွဲ၌ အနိုင်ရထားသည့် ရာမည ယူနိုက်တက်အသင်းနှင့် VUE နေပြည်တော်အသင်း ထိပ်တိုက်တွေ့ဆုံခဲ့ကြပြီး ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် တက္ကသိုလ်အသင်းသည် အသင်းသစ် Enjoy Brother အသင်းနှင့် ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၁) အပြီးတွင် ရွှိင်ရယ်ဒဂုံအသင်း၊ တက္ကသိုလ်အသင်း၊ VUE နေပြည်တော် အသင်း၊ ရာမည ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ နိုင်ပွဲရခဲ့ပြီး ဂိုးကွာခြားချက်အသာဖြင့် တက္ကသိုလ်အသင်းက ထိပ်ဆုံးတွင် ဦးဆောင်နေသည်။ Junior Lions အသင်း၊ မနောအသင်း၊ Asia Lion အသင်း၊ Elite Kings အသင်းနှင့် Enjoy Brother အသင်းတို့မှာမူ ရှုံးပွဲကြုံတွေ့ထားပြီး အမှတ်မရသေးပေ။

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-MLeague

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဆိုင်းဝိုင်းကြီးအဖွဲ့.လိုက်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မဖူးပြည့်နိုင်သိန်းနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက် ဝိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်မြိုက် စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ရှိ နီလာခန်းမ၌ ကျင်းပရာ အခြေခံပညာ အဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကယား ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီ တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်း ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ပြောင်ပြောင် နာဂိန်"(ကြိုး) သီချင်းဖြင့် လည်း ကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယား ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီ တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်း ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ကြောက်ဖယ် ဘုန်းတန်း"(ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာ အဆင့် အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင် ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင် ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် မန္တလေး တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆဲရစ်ဝိုင်း(ကြည်ကြည်ဝင်း)" သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော် တည်ခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

"ကာလပေါ်"တေးသီချင်းအဆို ပြိုင်ပွဲကို မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ရှိ မြခန်းမ၌ ကျင်းပရာ အဆင့်မြင့် ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန် ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်း ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေး တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် တို့မှ ပြိုင်ပွဲဝင်များက "မဟာ ဗန္ဓုလ(ကိုထွန်းရွှေ)" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာ အဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေး တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန် ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင် ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက "မေတ္တာ သံဝေ(လှလှရီ)" သီချင်းဖြင့်လည်း ကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီ တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆံရစ်ဝိုင်း(ကြည်ကြည်ဝင်း)" သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။



မဟာဂီတ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသား တေးသီချင်းအဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်ဟံသာမင်း ယှဉ်ပြိုင်စဉ်။

အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ကလည်းကောင်း၊ အခြေခံပညာ အဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ က မြန်မာ့ရိုးရာအကပညာ၏ အနှစ်သာရနှင့် အနုပညာအလှ တရားများကို ပေါ်လွင်ထင်ရှားစေ သည့် ကကြိုးကကွက်များ၊ ဟန်ပန် အမူအရာများဖြင့် စည်းချက်ညီညီ သွက်လက်ကျော့ရှင်းစွာ ကပြ ယှဉ်ပြိုင်ကြပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ၏ တင့်တယ်ခမ်းနားမှုကို ဖော်ကျူး တင်ဆက်ကြသည်။

အရေးပြိုင်ပွဲ (သီချင်းသံစဉ် ထည့်သွင်း လေ့ကျင့်သီဆိုခြင်း) ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီး သွားလာရေး ဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရုတနာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာ အဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသ ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက လည်း ကောင်း မြန်မာ့ရိုးရာဂီတ အနုပညာ၏ အနှစ်သာရနှင့် တူရိယာတီးခတ်မှုစွမ်းရည်တို့ကို (ပထမတန်း)အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင် ပြည်နယ်၊ ချင်းပြည်နယ်၊ မွန် ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသ ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက "သုံးပါး မြတ်ရတနာ" ခေါင်းစဉ်ဖြင့် လည်း ကောင်း သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက် ညီညွတ်စွာ ထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက် အကျနှင့် သီဆိုဟန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ် ဖော်ကျူးကာ မြန်မာ့ရိုးရာ ဂီတ အနုပညာ၏ အနှစ်သာရနှင့် သီဆို မှုအနုပညာရသတို့ကို ပေါ်လွင် အောင် ရသစုံလင်စွာ ယှဉ်ပြိုင် သီဆိုကြသည်။

ဆိုင်းဝိုင်းကြီး အဖွဲ့.အလိုက် အတီးပြိုင်ပွဲကို အမျိုးသားစာကြည့် တိုက် (နေပြည်တော်)ရှိ ဝန်ဇင်း မင်းရာဇာခန်းမ၌ ကျင်းပရာ အဆင့် မြင့်ပညာအဆင့် အမျိုးသမီး ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် ရန်ကုန် တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ကလည်းကောင်း၊ အခြေခံပညာ အဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာ အဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသ ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက လည်း ကောင်း မြန်မာ့ရိုးရာဂီတ အနုပညာ၏ အနှစ်သာရနှင့် သံစဉ် အတက်အကျတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ် ဖော်ကျူးကာ သာယာနာပျော်ဖွယ် ကောင်းသည့် တီးခတ်သံများဖြင့် မြို့ဖြို့ဆိုင်ဆိုင် ယှဉ်ပြိုင်တီးခတ် ကြသည်။

ပဒေါ်ပြိုင်ပွဲကို အမျိုးသား ပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အခြေခံ ပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ တွင် ကချင်ပြည်နယ်၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲ ဝင်များက "လွဲလွဲစိမ်းရောင်" (ကြိုး)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကယား ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင် ပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်း ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက "ဝေယျာမြို့" (ကြိုး) သီချင်း ဖြင့်လည်းကောင်း၊ အခြေခံပညာ အဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသ ကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ က "မင်းလမ်းစပ်ကာ"(ကြိုး) သီချင်းဖြင့် လည်း ကောင်း ဦမဲ့ညောင်းသာယာစွာ ယှဉ်ပြိုင်ကြသည်။

တယော အတီးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီး သွားလာရေး ဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသား ပြိုင်ပွဲတွင် ကယားပြည်နယ်၊ ရခိုင် ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် ရန်ကုန် တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက "တောနှင့်တောင်စွယ်" (ယိုးဒယား)သီချင်းဖြင့် လည်း ကောင်း၊ အဆင့်မြင့်ပညာ အဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး တယောအတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ နော်မေသင်းထူး ယှဉ်ပြိုင်စဉ်။

စာမျက်နှာ ၁၁ သို့ ❖

❖ စာမျက်နှာ ၁၀ မှ

မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မေတ္တာဂုဏ်" (ကာလပေါ်) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့" (ကြိုး)သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

စန္ဒရား အတီးပြိုင်ပွဲကို နေပြည်တော် တည်းခိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖြေလျော့ခွေ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖြေလျော့ခွေ"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသ



ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ဧယျာသီရိရုပ်စုံသဘင်အဖွဲ့က တင်ဆက်ကပြယှဉ်ပြိုင်ကြစဉ်။

ကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖြေလျော့ခွေ"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသ

ဇာတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီး အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝိရူဂ" ဇာတ်တော်ကြီး ဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန်းရွှေဝိုင်ရွာ ဇာတ်တော်ကြီးအဖွဲ့က မူရင်း ဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဇာတ်လမ်း ဇာတ်ကွက်များကို ထင်ဟပ်ပေါ်လွင်စေသည့် တီးလုံးတီးချက်များ၊ မြန်မာ့ဇာတ်သဘင်၏အစဉ်အလာကို ထိန်းသိမ်းထားသော ဆို၊ ဝိုက်ပြော အနုပညာရပ်များနှင့် အကအလှများကို အချိုးညီညီပေါင်းစပ်၍ လည်းကောင်း၊ ဇာတ်ကောင်တစ်ဦးချင်းစီ၏ ဟန်ပန်အမူအရာ၊ အသံနေအသံထားနှင့် သရုပ်ဆောင်ဝိပြင်မှုတို့ဖြင့်လည်းကောင်း မြန်မာ့ရိုးရာ ဇာတ်သဘင်အနုပညာ၏ အနှစ်သာရနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးကာ အနုပညာရသမြောက်စွာ ယှဉ်ပြိုင်ကြသည်။

ယနေ့ ကျင်းပသည့်ပြိုင်ပွဲများသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် ဧနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ သဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များအတွက် အဆင့်သတ်မှတ်ချက် အနေဖြင့် ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့် ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) တို့ကိုပြိုင်ပွဲအဆင့်များအဖြစ် သတ်မှတ်ထားပြီး နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် အောက်တိုဘာ ၂၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာစဉ်။



မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များ Jinan တက္ကသိုလ်သို့ သွားရောက် လေ့လာစဉ်။

မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၂

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ အောက်တိုဘာ ၁၆ ရက်မှစတင်၍ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်းနှင့် အစားခန့် ဝန်ထမ်းများ၏ သားသမီးကျောင်းသားကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်သောစစ်သည်များ ပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များ ပါဝင်သော လေ့လာရေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူးဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း အောက်တိုဘာ ၁၇ ရက်တွင် ကောင်းကင်ဘုံဗိမာန် ပန်းခြံနှင့် ဝမ်ဟူကျင်လမ်းလျှောက်စေ့းအား သွားရောက် လည်ပတ်ကြပြီး အိုလံပစ်ကျင်းပခဲ့သည့် အဆောက်အဦများ၏ ညှဉ်ခင်းအား ကြည့်ရှု လေ့လာကြသည်။ အောက်တိုဘာ ၁၈ ရက်တွင် ပေကျင်းမြို့ရှိ မဟာတံတိုင်းကြီး (Great Wall) သို့ သွားရောက် လေ့လာကြပြီး Depart for City Center သို့ သွားရောက်လည်ပတ်ခဲ့ကြသည်။ အောက်တိုဘာ ၁၉ ရက်တွင် လင်ကွမ်း ဘုရားကျောင်းတွင် ကိန်းဝပ် စံပယ်တော်မူသည့် ဗုဒ္ဓစွယ်တော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး Summer Palace နွေရာသီနန်းတော်အား လေ့လာခဲ့ကြသည်။

အလားတူ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် Guangzhou Zoological Garden သို့ သွားရောက် လည်ပတ်ခဲ့ကြပြီး ညနေပိုင်းတွင် Goodchains ကုမ္ပဏီ၏ ကွမ်ကျိုးလေဆိပ်ရှိ လုပ်ငန်းများနှင့် Xiaobai Supply Chain လုပ်ငန်းအား လေ့လာခဲ့ကြသည်။ အောက်တိုဘာ ၂၁ ရက်တွင် Jinan တက္ကသိုလ်အား လေ့လာခြင်း၊ Baima မြို့ လည်ပတ်ခြင်းနှင့် စွေးဝယ်ခြင်း၊ Canton Tower အား လေ့လာ လည်ပတ်ခြင်းများ ဆောင်ရွက် ခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးဆက်သစ်ထူးချွန် လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ရမှု နှင့်ပတ်သက်၍ ယခုကဲ့သို့ ကြားသိရပါသည်-

ဒုတိယတပ်ကြပ် ပြည့်နုံဖြိုး

ကျွန်တော်ကတော့ ဒုတိယတပ်ကြပ် ပြည့်နုံဖြိုး ဖြစ်ပါတယ်။ တက္ကသိုလ်ဝင် စာမေးပွဲကို အမှတ် (၂) မိမ္ဘီလာပညာရေးကျောင်းမှာ တက်ရောက်ခဲ့ပြီး သုံးဘာသာ ဂုဏ်ထူးနဲ့ အောင်မြင်ခဲ့သည့် အတွက် တရုတ်နိုင်ငံ လေ့လာရေး ခရီးစဉ်ကို ပါဝင်ခွင့်ရခဲ့ပါတယ်။

ဒီခရီးစဉ်မှာ ကျွန်တော်နဲ့အတူ စစ်သည်တစ်ဦး၊ ထူးချွန် ကျောင်းသား ကျောင်းသူများ လည်း ပါဝင်ခဲ့ပါတယ်။ ကျွန်တော် တို့တွေ တရုတ်နိုင်ငံ ပေကျင်းမြို့မှာရှိတဲ့ ဂရိတ်ဝေါလ် (Great Wall) ပေါ်သို့ သွားရောက် လည်ပတ်ခဲ့ပါတယ်။ လင်ကွမ်း ဘုရားကျောင်းကိုလည်း သွား



ရောက်ခဲ့ပြီးတော့ ဗုဒ္ဓမြတ်စွယ်တော်ကိုလည်း ဖူးမြော်ကြည်ညိုခဲ့ကြပါတယ်။ အနှစ်သက်ဆုံး ကျွန်တော်တို့ လည်ပတ်ခဲ့တဲ့နေရာမှာ အကြိုက်ဆုံးကတော့ Summer Palace (နွေရာသီနန်းတော်) အဲဒီမှာတော့ ရာသီဥတုလည်း မျှမျှတတဖြစ်တယ်။

စာမျက်နှာ ၁၂ သို့

အခုလို ပြိုင်ပွဲတွေကျင်းပပေးတော့ နောက်ထပ်တိုးပွားလာမယ့်မျိုးဆက်သစ်တွေ ထွက်ပေါ်လာမှာပဲဖြစ်ပါတယ်။ အခုပြိုင်ပွဲကြီးမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအချင်းချင်း ယဉ်ကျေးမှုချင်းဖလှယ်ခွင့်ရရှိတာကလည်း ဘာနဲ့မှမလဲနိုင်တဲ့အခွင့်အရေးပါ။

မောင်အောင်မြင့်မြတ်

မောင်အောင်မြင့်မြတ်
အခြေခံပညာ(၁၅-၂၀) အတီး(စန္ဒရား)ပြိုင်ပွဲဝင်
မကွေးတိုင်းဒေသကြီးကိုယ်စားပြု

အခုကျင်းပနေတဲ့ (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ တစ်နှစ်နီးပါး လေ့ကျင့်ခဲ့ရပါတယ်။ အခုတစ်ကြိမ်နဲ့ဆိုရင် ဗဟိုအဆင့် ပါဝင်ယှဉ်ပြိုင်တာ လေးနှစ်ရှိသွားပါပြီ။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ပြိုင်ခဲ့တဲ့နှစ်တွေမှာ ဆုတော့မရရှိခဲ့ပါဘူး။ ဒီနှစ်တော့ ဆုတံဆိပ်ရရှိမယ်လို့ မျှော်လင့်ထားပါတယ်။ စန္ဒရားပညာကို အသက်(၁၁)နှစ်လောက်ကတည်းက လေ့လာသင်ယူခဲ့တာဖြစ်ပါတယ်။ စန္ဒရားပညာရပ်ကို လေ့လာဖြစ်တာကတော့ အဓိကက ဝါသနာပါလို့ပဲ ဖြစ်ပါတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတော့ နောက်ထပ်တိုးပွားလာမယ့် မျိုးဆက်သစ်တွေ ထွက်ပေါ်လာမှာပဲဖြစ်ပါတယ်။ အခုပြိုင်ပွဲကြီးမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ အချင်းချင်း ယဉ်ကျေးမှုချင်းဖလှယ်ခွင့်ရရှိတာကလည်း ဘာနဲ့မှမလဲနိုင်တဲ့အခွင့်အရေးပါ။ ဒီပြိုင်ပွဲကြီးကို လာရောက်ယှဉ်ပြိုင်ခွင့်ရတာလည်း အင်မတန်ဝမ်းသာရပါတယ်။

မမေသူနိုင်စိုး(အဆင့်မြင့်ပညာ၊ အက)

ကျွန်မက ရှမ်းပြည်နယ်ကို ကိုယ်စားပြုယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ ယဉ်ကျေးမှုတက္ကသိုလ်မှာ တတိယနှစ် တက်နေပါတယ်။ ဗဟိုအဆင့်မှာ အခုမှ စပြီး ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ မြို့နယ်အဆင့် စတင်ယှဉ်ပြိုင်ကတည်းက ဆရာသမားတွေနဲ့ အကောင်းဆုံး လေ့ကျင့်ပြင်ဆင်ခဲ့ပါတယ်။ အခုယှဉ်ပြိုင်ပြီးတဲ့ အနေအထားမှာ လိုအပ်ချက်လေးတွေရှိနေပေမယ့် အားရကျေနပ်ပါတယ်။ လာမယ့်နှစ်တွေမှာလည်း အကဘာသာရပ်နဲ့ ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒီလို နိုင်ငံတော်အဆင့် ယှဉ်ပြိုင်ရတာ ဝမ်းလည်းဝမ်းသာပါတယ်၊ ဂုဏ်လည်းယူပါတယ်။


မောင်အောင်မြင့်မြတ်


မမေသူနိုင်စိုး


မောင်အောင်ဖြိုးလင်း


မကြယ်စင်လင်း


မောင်အောင်မျိုးဟိန်း


မအင်ကြင်းခိုင်

မောင်အောင်ဖြိုးလင်း(အခြေခံပညာ ၁၅-၂၀ အက)
ရခိုင်ပြည်နယ်ကိုယ်စားပြု

အရင်နှစ်တွေကလည်း လာရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ ဆုမရရှိသေးတာကြောင့် အများကြီး ကြိုးတင်ပြင်ဆင် လေ့ကျင့်ပြီး အကောင်းဆုံးယှဉ်ပြိုင်ခဲ့ပါတယ်။ လာမယ့်နှစ်တွေမှာလည်း အကဘာသာရပ်နဲ့ပဲ ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒီနှစ် ယှဉ်ပြိုင်ခဲ့တဲ့အပေါ်မှာလည်း အားရကျေနပ်မှု ရှိပါတယ်။

မကြယ်စင်လင်း
၁၅-၂၀ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲ
ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု

အခြေခံပညာ ၁၅-၂၀ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် (အမျိုးသမီး)ပြိုင်ပွဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ခြောက်ခုကနေ ယှဉ်ပြိုင်ကြပါတယ်။ ကျွန်မတို့အဖွဲ့က ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုနဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ ရွေတံဆိပ်ဆွတ်ခူးဖို့အထိ အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်ခဲ့ပါတယ်။ ခြောက်လဝန်းကျင်လောက် လေ့ကျင့်ခဲ့ပါတယ်။ ကျွန်မတို့အဖွဲ့က အနုပညာ အထက်တန်းကျောင်းမှာ အကပညာကို သင်ယူနေကြပါတယ်။ ဆိုင်းဝိုင်းကြီးအဖွဲ့မှာပါတဲ့ အဖွဲ့သားအားလုံးကလည်း တက်ညီလက်ညီနဲ့ အကောင်းဆုံးကြိုးစားထားပါတယ်။ ပထမဆုံးအကြိမ်အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာလည်းဖြစ်ပါတယ်။ လူငယ်တစ်ယောက်အနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်သွားမှာပါ။ ပြိုင်ပွဲကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။

မောင်အောင်မျိုးဟိန်း၊ အဆင့်မြင့်ပညာ(ပလွေ)
ကယားပြည်နယ်ကိုယ်စားပြု

(၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ အဆင့်မြင့်ပညာအဆင့် ပလွေအမျိုးသားပြိုင်ပွဲမှာ ဒီဆောင်းဟေမာန်ဘွဲ့နဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ အပြည့်အဝအားရကျေနပ်မှု ရှိပါတယ်။ ဗဟိုအဆင့် ပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ဒီနှစ်ရောဆိုရင် လေးနှစ်ရှိပါပြီ။ ဒီနှစ်အဆင့်မြင့်ပညာမှာ တိုင်းဒေသကြီးနဲ့ပြည်နယ် ခြောက်ခုကဝင်ရောက်ယှဉ်ပြိုင်ကြပါတယ်။ အားလုံးကိုကျော်တက်ပြီး ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်မယ်လို့ ယုံကြည်ပါတယ်။ မျိုးဆက်သစ်ညီငယ်ညီမငယ်တွေကိုလည်း ကျွန်တော် တတ်မြောက်ထားတဲ့ ပညာတွေကို ဆက်လက်မျှဝေသွားပါမယ်။

မအင်ကြင်းခိုင်၊ အခြေခံပညာ(၁၀-၁၅)
အတီး(တယော)၊ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု

ပြိုင်ပွဲအတွက် သီချင်း သုံးပုဒ်နဲ့လေ့ကျင့်ပြင်ဆင်ထားပါတယ်။ အနန္တငါးဖြာသီချင်းကတော့ အပိုင်နိုင်ဆုံးပါ။ အကောင်းဆုံးယှဉ်ပြိုင်နိုင်အောင်ပြင်ဆင်ထားပါတယ်။ (၂၆) ကြိမ်မြောက်မှာတုန်းက တယောနဲ့ပဲ ပထမဆုံး ပြိုင်ပွဲဝင်ခဲ့တာပါ။ ဆုကတော့ မရခဲ့ပါဘူး။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့တွက် ကျေးဇူးတင်ပါတယ်။

တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ - လင်းသူရ

❁ စာမျက်နှာ ၁၁ မှ

တာအားကြီးအေးတာမျိုး မဖြစ်ဘူး။ ဒီခရီးစဉ်အတွက် စီစဉ်ဆောင်ရွက်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိတဲ့လူကြီးအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

ကျောင်းသူ

ကျွန်မက ၂၀၂၆ တက္ကသိုလ်ဝင် စာမေးပွဲမှာ ၆ ဘာသာဂုဏ်ထူး၊ အမှတ်ပေါင်း ၅၄၂ မှတ် ရရှိခဲ့တဲ့အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ လေ့လာရေးခရီးသွားရောက်လည်ပတ်ခွင့်ရခဲ့တာပဲ ဖြစ်ပါတယ်။ ဒီခရီးစဉ် တစ်လျှောက်လုံးမှာ ကျွန်မတို့ သူငယ်ချင်းတွေ


ဒုံးပစ်စင်တာအောင်ကျည်စောင်းမြားကြီးအား ကြည့်ရှုလေ့လာနေကြစဉ်

အများကြီးနဲ့ လည်းပဲ တွေ့ခွင့်ရတယ်။ ပျော်ရွှင်စရာ အမှတ်တရတွေကိုလည်း ဖန်တီးခွင့်ရခဲ့တယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ယဉ်ကျေးမှုတွေကိုလည်းပဲ လေ့လာခွင့်ရခဲ့တဲ့အတွက် ကျွန်မအနေနဲ့ အထူးပဲ ဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။ Great Wall၊ The Temple of the Heaven၊ Canton Tower၊ ဗုဒ္ဓစွယ်တော်တို့ကိုလည်း သွားရောက် ဖူးမြော်ခွင့်ရခဲ့ပါတယ်။ အဲဒါဆိုလို့ရှိရင် ကျွန်မတို့အတွက် တကယ်ကို မမေ့နိုင်စရာ အမှတ်တရတွေဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မို့လို့ ဒီခရီးစဉ်ဖြစ်မြောက်အောင်ကူညီ စောင့်ရှောက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တကွ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ တာဝန်ရှိသူအားလုံးကို ကျွန်မက အထူးပဲကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

၁၀၀

အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၁၀၀)၌ စုပေါင်းသွေးလှူဒါန်း



ဘားအံ အောက်တိုဘာ ၂၂

အမျိုးသား အောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA ဗဟိုက ကြီးမှူးပြု၍ ကရင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ခရီးဝေး သွေးလှူရှင်အသင်းတို့ ပူးပေါင်း၍ အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၁၀၀) ၌ ဇီဝိတဒါနစုပေါင်းသွေးလှူဒါန်းကြသည်။

စုပေါင်း သွေးလှူဒါန်းပွဲတွင် အသင်းသူ အသင်းသား စုစုပေါင်း ၁၀၀ တို့က စုပေါင်းသွေးလှူဒါန်းကြပြီး တာဝန်ရှိသူများက အာဟာရဖြည့်စွက် အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

အောင်ပန်းမြို့၌ အယ်လ်နီညိုဆိုင်ရာ အသိပညာပေး ကွင်းဆင်းဆောင်ရွက်



ကလော အောက်တိုဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဒေသခံပြည်သူများအား အယ်လ်နီညိုဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက အောင်ပန်းစျေး၌ အသိပညာပေးကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်နေထိုင်ရမည့် နည်းလမ်းများ၊ ရှောင်ရန်နှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးခြင်းနှင့်လက်တမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)



မွန်ပြည်နယ် သံဖြူဧရပ်မြို့နယ် ခြံတစ်ရာကျေးရွာရှိ ကံကောင်းခြင်း ရတနာ သစ်ပါးလွှာစက်ရုံ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက မီးဘေးလုံခြုံရေးအဖွဲ့ဖြင့် သွားရောက်စစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဒုတိယနေ့ ပုံရိုက်များ

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲဒုတိယနေ့ကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ဖော်ပြလိုက်ပါသည်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား “မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မောင်မင်းအောလီထော ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ရွှေဘုန်းပြည့်နိုင်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် “သုဝဏ္ဏသာမ” ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့က တင်ဆက်ကပြ ယှဉ်ပြိုင်ကြစဉ်။



အရေးပြိုင်ပွဲ (သီချင်းသံစဉ်ထည့်သွင်း လေ့ကျင့်သီဆိုခြင်း)တွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မသဒ္ဓါချစ်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသား တယောအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ထက်ဝေယံ ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား “မဟာဂီတ”တေးသီချင်းအဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်ဟံသာမင်း ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး တယောအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မမေရီဖြူစင် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း)အမျိုးသား ပလွေပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်ချမ်းမင်းဝိုင် ယှဉ်ပြိုင်စဉ်။



ရွှေဟောင်းသမိုင်းဝင် လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်ကြီး ပုဒ္ဓါဘိသေကအနေကဇာတင်ပွဲ ကျင်းပ

စစ်တွေ အောက်တိုဘာ ၂၂

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးရ၍ စစ်တွေမြို့ ရွှေဟောင်းသမိုင်းဝင် လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်ကြီး ပုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို ယနေ့နံနက်ပိုင်းက စေတီတော်မြတ်ကြီး ပရိဝုဏ်၌ ကျင်းပသည်။

ပုဒ္ဓါဘိသေက အနေကဇာတင်ပွဲတွင် သံဃာတော် အရှင်သူမြတ်များက ရုပ်ပွားတော်များအား ပုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဧနီး၊ ပြည်နယ်ဝန်ကြီးများက သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အနေကဇာတင်ပွဲအပြီးတွင် စေတီတော်မြတ်ကြီး ရင်ပြင်နှင့်အနီးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး အတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက် နေမှုကို ကြည့်ရှုအားပေးသည်။ **တင်ထွန်း(ပြန်/ဆက်)**

(၃၈)ကြိမ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

တောင်ကြီး အောက်တိုဘာ ၂၂

(၃၈)ကြိမ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးခရိုင်ရုံးနှင့် မြို့နယ်ရုံးများမှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကု ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းမှုကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ဇနီး၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌတို့က သွားရောက်ကြည့်ရှုအားပေး ကြပြီး သွေးလှူဒါန်းကြသူများအတွက် အားဖြည့် အစားအစာများ၊ အမျိုးသမီးနှင့် ကလေးအထူးကု ဆေးရုံကြီးအတွက် ကြက်ဥများ ပေးအပ်ကြသည်။

သွေးလှူဒါန်းပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ သီချင်းပြိုင်ပွဲ၊ သီချင်းအတည်ပြုရွေးချယ်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ၃၀-၄-၂၀၂၆ ရက်နေ့တွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့)အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်က မေတ္တာစေတနာထားသောအားဖြင့်လည်းကောင်း နေပြည်တော်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်အား ကျန်ရှိသည့် ပြစ်ဒဏ်များကို သတ်မှတ်ထားသည့်နေအိမ်၌ ဆက်လက်ကျခံစေရန် ပြောင်းလဲသတ်မှတ်ပေးခဲ့ပါသည်။

၃-၈-၂၀၂၆ ရက်နေ့တွင်လည်း ဒေါ်အောင်ဆန်းစုကြည်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaude De Baqque နှင့်တွေ့ဆုံခွင့်ပြုခဲ့ပါသည်။ ၁၉-၁၀-၂၀၂၆ ရက်နေ့တွင် ဗြိတိန်နိုင်ငံ၊ တတိယမြောက် ချားလ်စ်ဘုရင်က ပေးပို့သည့် စာအုပ် ၂ အုပ်၊ အိတ်ပိတ်စာအိတ် ၁ အိတ်နှင့် သံတမန်အိတ်ပိတ်စာတို့ကို ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဒေါ်အောင်ဆန်းစုကြည်ထံ သွားရောက်တွေ့ဆုံ ပေးအပ်ခဲ့ပါသည်။





နိုင်ငံတော်သည် ဒေါ်အောင်ဆန်းစုကြည်အား လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)လုပ်ငန်းစဉ်များအရ လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ အခွင့်အာဏာအတွင်းက ဆောင်ရွက်ပိုင်ခွင့်ရှိသော အထူးကိစ္စရပ် အနေဖြင့်လည်းကောင်း အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ကို ၎င်း၏သားဖြစ်သူ ကင်မ်အဲရစ် (ခ) ကိုထိန်လင်းနှင့် ၂၂-၁၀-၂၀၂၆ ရက်နေ့၊ ၁၄၃၀ အချိန်မှ ၁၄၅၀ အချိန်အထိ လန်ဒန်မြို့ရှိမြန်မာသံရုံးမှတစ်ဆင့် စကားပြောကြေးနန်းဖြင့် ကောင်စစ်ဆိုင်ရာ ဆက်သွယ်ပြောဆိုမှုပြုလုပ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လူကုန်ကူးမှု လျော့နည်းပပျောက်စေရေး အသိပညာပေး

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် သက်ငယ်မှဒိမ်းမှု၊ အိမ်တွင်းအကြမ်းဖက်မှု ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လူကုန်ကူးမှုလျော့နည်းပပျောက်စေရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၀ ရက်က အမှတ်(၁၅)ရပ်ကွက် နေကြာလမ်းရှိ မဂ္ဂသစ္စာခမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းစိန်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောသီတာခင်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ဌေးဌေးဝင်းက လူကုန်ကူးမှုဆိုင်ရာဥပဒေကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသန့်ဇော်က သက်ငယ်မှဒိမ်းမှု၊ အိမ်တွင်း အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရေးကိုလည်းကောင်း၊ အမှတ်(၆)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ ရဲအုပ်သန်းထွန်းနိုင်က လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရေးကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



အခွန်အရပ်ရပ်ကောက်ခံရရှိမှုနှင့် လုပ်ငန်းတိုးတက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မုံရွာ အောက်တိုဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှုးရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် အခွန်အရပ်ရပ်ကောက်ခံရရှိမှုနှင့် လုပ်ငန်းတိုးတက်မှု လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါရုံးအစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက အမှာစကား



ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှုး ညွှန်ကြား ရေးမှူးက အခွန်ဆိုင်ရာကိစ္စရပ် များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် တက်ရောက်လာသော တိုင်းဒေသ ကြီးအတွင်းရှိ (က)အဆင့် မြို့နယ် အခွန်ဦးစီးဌာနမှုးများက လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသ ကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက လိုအပ်သည် များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရပ်သိမ်း လိုက်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့ မြန်မာစံတော်ချိန် ၂၁ နာရီ ၀၃ မိနစ် ၄၃ စက္ကန့်တွင် နေပြည်တော် မြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၈၇၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Xizang)၊ မြောက်လတ္တီတွဒ် ၃၂.၃၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃.၉၅ ဒီဂရီ၊ အနက် ၄၄ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၆.၈(M)အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံအိုလျော့မှုအား ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ပုသိမ် အောက်တိုဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး မမြရေလှောင်တမံ တမံအောက်ပိုင်း အိုလျော့ကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန် အတွက် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ မြေသားတမံပုံစံ တမံအောက်ခြေ ထောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တမံအောက်ပိုင်း အိုလျော့ကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံ၏ အထက်ဘက်ရေပြင်နှင့် ထိစပ်နေသည့်အပိုင်းမှစ၍ တမံအိလျော့နေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းများ မခံရစေရန်အတွက် မိုးရေကာဖျင်များဖြင့် စနစ်တကျ အုပ်မိုးကာကွယ်ထားရှိမှု၊ ဘူမိရူပဗေဒတိုင်းတာခြင်း လုပ်ငန်းအနေဖြင့် Resistivity Method (လျှပ်စစ်ခုခံမှုစမ်းသပ်ခြင်းနည်းလမ်း)ကို အသုံးပြု၍ မြေပေါ်မှ ကြိမ်နှုန်းနိမ့် လျှပ်စစ် (Low Frequency Alternating Current) ကို အောက်ခံမြေလွှာ၊ ကျောက်လွှာများ အတွင်း ဖြတ်သန်းစေပြီး ရေပါဝင်မှုနှင့် မြေလွှာ၊ကျောက်လွှာများ၏အပျော့အမာ ပေါ်မူတည်၍ ဖြစ်ပေါ်လာသော လျှပ်စစ်ခုခံမှု ကိန်းဂဏန်းများကို အခြေခံတွက်ချက်သည့်နည်းလမ်းဖြင့် ဆောင်ရွက်နေမှု၊ တမံအတွင်းရှိ သိုလှောင်ရေများကို ပိုမိုလျှော့ချနိုင်ရန် အရေးပေါ်ရေပိုလွှဲရေဆင်းလမ်းကြောင်း အောက်ကြမ်းခင်း နှင့် ဘေးနှစ်ဖက်ချဲ့ထွင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ အချင်း ၁၀ လက်မရှိ ရေပိုက် ၃ စုံကို အသုံးပြု၍ ဆိုင်ဖွန် (Syphon) နည်းဖြင့် ရေထုတ်လွှတ်လျက်ရှိမှု၊ မြေသားတမံအား ပိုမိုအားဖြစ်စေရန်အတွက် မြေသားတမံပုံစံ၏ နောက်ဘက်တွင် ရေစစ်ကျောက်ရိုး (Rock Toe) ထည့်သွင်းတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများတွင် ပါဝင်ကူညီနေသည့် တပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ဒံဃေါက်၊ သောက်ရေသန့်များနှင့် မုန့်များ ပေးဝေခဲ့သည်။

အဆိုပါ မမြရေလှောင်တမံ၏ တာတမံအိလျော့ကျမှု ဖြစ်ပွားသည့်နေရာအား ကျောဘက်မှ မြေသားထောက်ခြင်း လုပ်ငန်းကို နိမ့်မြင့်အမှတ် ၂၃၃ ပေ၊ ၂၅၀ ပေ၊ ၂၆၆ ပေ စသည်ဖြင့် အဆင့်ဆင့် ထောက်ကန်ထားပြီးဖြစ်သည့် အပြင် ရေစစ်ကျောက်ရိုးဖြင့် ထောက်ခြင်းအား နိမ့်မြင့်အမှတ် ၂၃၀ပေအထိ ထောက်ထားပြီးဖြစ်ပြီး ဆက်လက်၍ ရေလှောင်တမံအတွင်း ရေ၏အခြေအနေပေါ်မူတည်၍ မြေသားထောက်ခြင်း လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ မမြရေလှောင်တမံ မြေသားတာပေါင် နိမ့်ကျမှုကြောင့် ရေပင်ရောက်နိုင်သည့်အတွက် မြန်အောင်မြို့နယ် ဝက်ပါကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ဆီခြဲကုန်းကျေးရွာတွင် ယာယီကျောင်းဆောင် ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်နိုင်သည့်အတွက် ကြိုတင်ရွှေ့ပြောင်းခဲ့ရသည့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် မမြရေလှောင်တမံ တမံအောက်ပိုင်း အိလျော့ကျမှုအား ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီး စိုးရိမ်ဖွယ်အခြေအနေမရှိတော့သဖြင့် မိမိတို့၏ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ပြီဖြစ်ကြောင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးဝေခဲ့သည်။

ထိုမှတစ်ဆင့် အင်္ဂပူမြို့နယ် ထန်းပင်ကန်-ကွင်းကောက်လမ်း မူလ ၁၂ ပေမှ ၁၈ ပေ၊ အကျယ် နှစ်ဖာလုံ လမ်းချဲ့ခြင်း လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူများအား ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်နေထိုင်နိုင်ရေး ကူညီဆောင်ရွက်ပေး

နေပြည်တော် အောက်တိုဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါ်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်း ဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ



နှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့အောက်တိုဘာ ၂၂ ရက် ညနေပိုင်းတွင် တမံရှိရေ ၃၀၀ ဒသမ ၅ ပေသာ ကျန်ရှိတော့သဖြင့် ၁၄ ဒသမ ၅ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်းနှင့် တမံကျိုးပေါက်မှုအန္တရာယ် စိုးရိမ်ဖွယ်မရှိတော့သဖြင့် ရေလှောင်တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ယာယီရေဘေးကယ်ဆယ်ရေးစခန်းများမှ ၎င်းတို့၏နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်း နေထိုင်နိုင်ရေး အတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ကူညီရွှေ့ပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

ကာတွန်း



လူမှုရေးပင်စင်အစီအစဉ်နှင့် စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လူမှုရေးပင်စင်အစီအစဉ်၌ အကျိုးခံစားခွင့်ရှိသူများအား ၆ လစာထောက်ပံ့ပေးမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူများအား အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁၁-၂၀၂၇ ရက်အထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ နိုင်ငံသားအသိအမှတ်ပြုကတ်ပြား (မူရင်း) ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများမှပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များရှိပါက ကယား (၀၉-၆၆၅၈၈၁၂၃)၊ ကရင် (၀၉-၇၇၅၄၄၂၅)၊ ချင်း (၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း (၀၉-၄၃၁၇၂၀၆)၊ တနင်္သာရီ (၀၉-၂၅၂၀၆၉၀၀)၊ နေပြည်တော် (၀၉-၂၅၁၀၇၉၄၆)၊ ပဲခူး (၀၉-၅၀၃၇၃၄၄)၊ မကွေး (၀၉-၂၅၁၃၃၁၅၅)၊ မန္တလေး (၀၉-၇၉၇၄၂၄၂၂)၊ မွန် (၀၉-၂၆၀၇၄၃၉၃)၊ ရခိုင် (၀၉-၄၂၁၀၆၈၄၅၄)၊ ရန်ကုန် (၀၉-၄၀၂၈၀၅၀၆)၊ ရှမ်း (၀၉-၃၆၀၈၃၆၈)၊ ဧရာဝတီ (၀၉-၇၈၂၅၇၈၄၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၃၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

MCCT အစီအစဉ်နှင့် စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် MCCT အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အကျိုးခံစားခွင့်ရှိသူများအား ၆လစာထောက်ပံ့ပေးမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူများအား အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁၁-၂၀၂၇ ရက်အထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ နိုင်ငံသား အသိအမှတ်ပြုကတ်ပြား (မူရင်း) ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများမှ ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များရှိပါက ကယား (၀၉-၆၆၅၈၈၁၂၃)၊ ကရင် (၀၉-၄၂၅၀၀၃၇၉)၊ ချင်း (၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း (၀၉-၂၅၈၇၃၆၅၀)၊ ရခိုင် (၀၉-၂၅၀၅၉၉၉၈၀)၊ ရှမ်း (၀၉-၃၆၀၈၃၆၈)၊ ဧရာဝတီ (၀၉-၇၈၂၅၇၈၄၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၇၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ကြေးမုံ

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ရှေ့ပြိုင်ပွဲ အမျိုးသား/အမျိုးသမီးဝိတ်တန်းအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

လက်ရှေ့အားကစား အဆင့် အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မား လာစေရေးနှင့် မျိုးဆက်သစ် လက်ရွေ အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာ ဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ လက်ရှေ့အဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ရှေ့ပြိုင်ပွဲ" အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်း တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။



ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ရှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (၅၁၊ ၅၇၊ ၆၇၊ ၇၁) ကီလိုတန်း ပြိုင်ပွဲများနှင့် အမျိုးသမီး (၅၂၊ ၅၄၊ ၅၇၊ ၆၀) ကီလိုတန်းပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် (၅၁) ကီလို တန်းပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီး အသင်းမှ ထက်မြတ်လွင်(အပြာ)က မကွေး တိုင်းဒေသကြီးအသင်းမှ ထက်နိုင် အောင်(အနီ)ကို လည်းကောင်း၊ (၅၇)ကီလိုတန်း ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဇဖေတန်(အပြာ)က မွန်ပြည်နယ် အသင်းမှ ရဲဇော်(အနီ)ကို လည်းကောင်း၊ (၆၇)ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဇင်မင်းကို(အနီ)က မန္တလေးတိုင်းဒေသကြီး အသင်းမှ အောင်မြင့်ထွန်း(အပြာ)ကို လည်းကောင်း၊ (၇၁)ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ စည်သူထက်(အနီ)က ရန်ကုန် တိုင်းဒေသကြီး အသင်းမှ စချစ်လင်းဇော် (အပြာ)ကို လည်းကောင်း၊ (၇၅)ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ စောဒဲနစ်ဗစ်တာဝါး (အနီ)က မန္တလေးတိုင်းဒေသကြီးအသင်းမှ ရဲလွင်ထွန်း(အပြာ)ကို လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် (၅၂)ကီလိုတန်း ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဌေးဌေးဇော်(အနီ)က ရေဝတီတိုင်းဒေသကြီး အသင်းမှ နော်ဗစ်တိုရီ(အပြာ)ကို လည်းကောင်း၊ (၅၄)ကီလိုတန်း ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အသင်းမှ ညောင်ရှမ်းဟွဲ့(အပြာ)က ကရင်ပြည်နယ်အသင်းမှ နန်းခင်နှင်းထက်(အနီ)ကို လည်းကောင်း၊ (၅၇)ကီလိုတန်းပြိုင်ပွဲတွင် တနသံာရီတိုင်းဒေသကြီး အသင်းမှ မာလာစိုး(အပြာ)က ကရင်ပြည်နယ်အသင်းမှ နန်းခွဲ့ခွဲ့နော်(အနီ)ကို လည်းကောင်း၊ (၆၀)ကီလိုတန်း ပြိုင်ပွဲတွင် တနသံာရီတိုင်းဒေသကြီး အသင်းမှ သော်တာဦး(အနီ)က ရှမ်းပြည်နယ်အသင်းမှ မူနှင်းအေး (အပြာ)ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီမှ စတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ရှေ့ပြိုင်ပွဲ" အမျိုးသား/အမျိုးသမီး ဝိတ်တန်း အလိုက် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်သွားမည် ဖြစ်၍ အားကစားဝါသနာရှင် မိဘ ပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် မြန်မာအသင်းမှ မသန်စွမ်းအားကစားသမား ညီညီလင်းထက်က မြန်မာနိုင်ငံအတွက် ငွေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရရှိ



ရန်ကုန် အောက်တိုဘာ ၂၂

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ကျင်းပလျက်ရှိသည့် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့ရေကူးပြိုင်ပွဲ ပွဲစဉ်ဖြစ်သည့် အမျိုးသားဓိတာ ၁၅၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ တွင် ထိုင်းအသင်းမှ အားကစားသမား နှစ်ဦး၊ ကိုရီးယားအသင်းမှ အားကစားသမား တစ်ဦး၊ မြန်မာအသင်းမှ အားကစားသမား တစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရေကူးအားကစားသမား ညီညီလင်းထက်က ၃ မိနစ် ၀၁.၂၃ စက္ကန့်ဖြင့် မြန်မာနိုင်ငံအတွက် ငွေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

(၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် အောက်တိုဘာ ၂၂ ရက်အထိ ပြိုင်ပွဲများအပြီး၌ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခု စုစုပေါင်း ဆုတံဆိပ် လေးခု ဆွတ်ခူးရရှိထားပြီး အောက်တိုဘာ ၂၃ ရက်တွင် မြန်မာအသင်းမှ ရေကူးကစားသမား ညီညီလင်းထက်က မိတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲအား ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံဝန်ထမ်းအငြိမ်းစားများအား အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

ဖျာပုံ အောက်တိုဘာ ၂၂

ရေဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် နိုင်ငံဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာရောင်းချပေးခြင်းနှင့် မူကြိုကလေးငယ်များအား အာဟာရကျွေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ပေးအပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် အငြိမ်းစားနိုင်ငံဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံစားသောက်ကုန်များဖြစ်သော စားသုံးဆီ၊ ဆန်၊ ကြက်ဥများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးကြပြီး မြို့ပေါ်ရှိ မူကြိုကျောင်းများရှိ ကလေးငယ်များအား အာဟာရကျွေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၀-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုလဲမိ	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ဦးမိုးကော်	ဟားခါး
92 Ron	၄၇၁၅	၄၈၇၀	၄၈၂၀	၄၇၃၀	၄၈၇၅	၄၈၉၀	၄၉၂၅	၄၈၀၀	၅၁၇၀	၅၂၂၀	၄၈၂၀	၄၉၉၀	၄၉၁၅	၄၈၇၀	၄၈၈၀	၅၁၁၀
95 Ron	၄၈၃၅	၄၉၉၀	၄၉၄၀	၄၈၅၀	၄၉၃၅	၅၀၀၀	၅၀၄၀	၄၉၂၀	၅၂၉၀	၅၂၂၀	၄၉၄၀	၅၀၉၅	၅၀၁၀	၄၉၃၀	၅၀၀၀	၅၂၃၀
HSD (500 ppm)	၄၄၄၅	၄၅၉၀	၄၅၆၅	၄၄၆၀	၄၅၈၅	၄၆၁၀	၄၆၆၀	၄၄၂၅	-	၄၉၀၅	၄၅၆၅	၅၁၀၀	၄၆၆၀	၄၅၉၀	၄၆၆၀	၄၆၂၀
HSD (50 ppm)	၅၀၇၅	၅၁၄၀	၅၀၈၀	၅၀၉၀	၅၀၄၅	၅၀၆၅	၅၀၈၀	၅၀၆၀	၅၀၈၅	၅၀၈၅	၅၀၆၅	၅၁၇၀	၅၁၃၀	၅၀၆၀	၅၀၆၀	၅၀၇၀
HSD (10 ppm)	၅၀၇၅	၅၁၄၀	၅၀၈၀	၅၀၉၀	၅၀၄၅	၅၀၆၅	၅၀၈၀	၅၀၆၀	၅၀၈၅	၅၀၈၅	၅၀၆၅	၅၁၇၀	၅၁၃၀	၅၀၆၀	၅၀၆၀	၅၀၇၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၈၆	၄၆၁၀
95 Ron	၄၆၀၂	၄၇၂၇
HSD (500 ppm)	၄၂၃၆	၄၃၅၀
HSD (50 ppm)	၅၁၁၃	၅၂၅၆
HSD (10 ppm)	၅၁၁၃	၅၂၅၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း
တစ်ပိဿာ ငွေကျပ် ၇၅၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၂

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

အဘိဓမ္မာအခြေခံဖြင့် အမှောင်မှုအလင်းသို့သာ.....

သံသရာခရီးသွားဓမ္မမိတ်ဆွေ ဗုဒ္ဓဘာသာဝင်အပေါင်း သူတော်ကောင်းတို့၊ ထူးမြတ်မှုအပြည့်ဖြင့် ဝါဂျွတ်ဝါလကင်းလွတ်ရာ ဤသီတင်းကျွတ်လပြည့်နေ့ကို ကုသိုလ်ယူ၍ ပူဇော်အထူးပြုကြပါစို့။

အဘိဓမ္မာကျေးဇူးအထူးသိရန် အဘိဓမ္မာတရားကို နာယူပူဇော်

အဘိဓမ္မာအခါတော်နေ့ဟုလည်း ခေါ်တွင်သည့် တာဝတိံသာနတ်ပြည်မှ ပြန်ကြွလာသော မြတ်စွာဘုရားရှင်ကို နတ်၊ ဗြဟ္မာ၊ လူပြည်သူတို့က ဆီမီးတန်ဆောင်ထွန်းလင်းပြောင်စွာ ထွန်းညှိပူဇော်ခဲ့ကြရာ၊ ဝိသေသထူးများဖြင့် ပြည့်နှက်ရာ ထိုနေ့၊ ထိုကာလကိုအထူးပြု၍ မီးထွန်းပွဲများ ကျင်းပကုသိုလ်ယူကြသည်မှာ မပြတ်အစဉ်အလာတစ်ခုပါ။

မိမိထက် သီလ၊ သမာဓိ၊ ပညာ၊ အသက် ဂုဏ်ကြီးသူ မိဘ၊ ဆရာသမားနှင့် လူငယ်သားသမီးအပေါင်းတို့က ဗုဒ္ဓအမွေကို လက်ဆင့်ကမ်း ရှိသေခံ၊ ပူဇော်ခံ၍ ဂါရဝရှေ့ထား ကန်တော့ကြ၊ အပြန်အလှန် ကုသိုလ်ယူကြရာကာလလည်းဖြစ်သည်။ မိဘကျေးဇူးဆပ်သူက ဘုရားရှင်၊ ကျေးဇူးဆပ်ခံရသူက မြတ်စွာဘုရား၏ မယ်တော်မာယာ သန္တုသိတာနတ်သား၊ ကျေးဇူးဆပ်တရားကား အဘိဓမ္မာမြတ်ဒေသနာ၊ တရားနာယူသူက စကြဝဠာတိုက်တစ်သောင်းမှ နတ်၊ ဗြဟ္မာများနှင့် ရှင်သာရိပုတ္တရာ၏ ရဟန်းတပည့်ငါးရာ၊ ထိုရဟန်းတို့ကား အရှင်ကဿပဘုရားလက်ထက်ကပင် ထိုအဘိဓမ္မာတရားကို နေ့စဉ်နာကြားခဲ့ကြသည့် လင်းနို့သားငါးရာ အကြိမ်ကြိမ်နတ်သားဖြစ်၍ ချမ်းသာရာဘဝများ ရခဲ့ကြသည်မှာ ထိုအဘိဓမ္မာကျေးဇူးကြောင့်ပင်။

သဗ္ဗညုတဉာဏ်တော်ရရှိပြီး ကျေးဇူးရှင် မြတ်စွာဘုရား ၄၅ ဝါပတ်လုံး ဟောကြားခဲ့သည့် “ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မ” ဘဝနှင့်ဆိုင်သော ဒဿနအဆုံးအဖများသည် ဓမ္မကွန္ဒာပေါင်း ၈၄၀၀၀ ရှိခဲ့သည်။ ထိုတရားအားလုံးကို သုံးပုံပုံ၍ “ပိဋကတ” ဟူသော ခြင်းတောင်း၌ သိုမှီးသိမ်းဆည်းထားရာ အဘိဓမ္မာတရားကား ဓမ္မကွန္ဒာအားဖြင့် ၄၂၀၀၀ အထိ နေရာယူသည့်အတွက် အရေအတွက်အားဖြင့် သာလွန်နေသည်။

ထို့ကြောင့်လည်း “အဘိ” သာလွန်ထူးခြားသည်၊ “ဓမ္မ” ကုသိုလ်ထူးလှသည့် ကျေးဇူးတရားတော်ကြီးအဖြစ် လူ၊ နတ်၊ ရဟန်းသံဃာအပေါင်းတို့က ပူဇော်အထူးပြုကြခြင်းဖြစ်သည်။ လူပြည်၊ နတ်ပြည်နှစ်ဌာနလုံး ဟောကြားနာယူနိုင်သည့် တရားတော်ကြီးအဖြစ် ဂုဏ်ယူစွာဖြင့် လုပ္ပဒ္ဓိလ် အပေါင်းတို့သည် ယနေ့ခေတ်တွင် ထိုအဘိဓမ္မာတရားကို နာကြားသင်ယူလေ့လာခွင့်ရ၊ ပူဇော်ခွင့်ရနေကြပြီဖြစ်သည်။

ကာမဘုံသား ဤလူ့ဘဝ၌ လူဟူ၍ဖြစ်လာလျှင် ဦးစွာ ကိုယ့်အကြောင်းကိုယ်သိရန် လိုအပ်ပါမည်။ မိမိခန္ဓာအကြောင်း မိမိကိုယ်တိုင်သိပြီး ရပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးဟူ၍ သိလျှင်ပင် အလွန်အကျိုးထူးနေပါပြီ။ ထို့ကြောင့်လည်း ကျေးဇူးရှင် မြတ်စွာဘုရားရှင်၏ အဘိဓမ္မာကို ကြိုးစားသင်ယူနေကြခြင်းဖြစ်သည်။

သင်ကြားနာယူခွင့်ရသူအားလုံး ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးကို အသေးစိတ်သိရှိ၍ အယူမှန်သွားသည့်အခါ မိမိ၏ကုသိုလ်ဖြစ်တည်ရာ မမှေလမ်းကြောင်းကို မယိမ်းမယိုင် ထိန်းကျောင်းခွင့်ရရှိသွားပြီဟု ဆိုနိုင်ပါပြီ။ တစ်နည်း ကိုယ့်အကြောင်းကိုယ်သိပြီး ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆုံးမတည့်မတ်နိုင်ပြီဖြစ်သည်။ အသေးစိတ်ညွှန်ကြားပြသပေးသော ဓမ္မတရားကြီးဖြစ်၍ သိခွင့်ရသူများအတွက် ဂုဏ်ယူဖွယ်အတိပင်။ ကိုယ့်ကိုယ်ကိုယ်သိအောင်လုပ်ခြင်းဆိုသည်မှာ တရားရှာ ကိုယ်မှာတွေ့ဆိုသလို ကိုယ့်ရပ်နာမ်တို့ကို သိအောင်လုပ်ခြင်းပင်ဖြစ်သည်။ ရုပ်နှင့်နာမ် (စိတ်+စေတသိက်)တို့က ကိုယ့်ခန္ဓာမှာ အမှန်အတိုင်း စက္ကန့်မလပ်ဖြစ်ပျက်နေသော ကိုယ့်အလုပ်ကိုယ်လုပ်နေကြသော သဘာဝပရမတ္ထတရားများသာဖြစ်သည်။ သိခွင့်ရသည့်အခါ ဘယ်သူကြောင့်ဟူ၍ မည်သူ့ကို အပြစ်ဆိုနိုင်ပါမည်နည်း။

တကယ့်ခန္ဓာအမှန်ကို မည်သည့်တရားများနှင့်ဖွဲ့စည်းထားပါသနည်း၊ သံသရာမှလွတ်ကြောင်း ပိပ္ပသနာအထိ ကျင့်မည်ဆိုလျှင် ရုပ်အကြောင်း၊ နာမ်အကြောင်းမသိဘဲ တစ်နည်း စိတ်၊ စေတသိက်၊ ရုပ်အကြောင်းမသိဘဲ သွားမည့်လမ်းသည်ဖြောင့်ဖြူးနိုင်ပါ့မလား၊ အခြေခံပရမတ် နာမ်နှင့် ရုပ်ကို ပိုင်းပိုင်းခြားခြားသိခြင်းကိုပင် နာမရူပ ပရိစ္ဆေဒဉာဏ်ဟု ခေါ်သည်။ သူ့အကြောင်းတရားနှင့်သူဖြစ်၍ သူ့သဘောသူဆောင်နေခြင်းသာဖြစ်သည်ကို သိရသည့်အခါ မိမိမှာရှိနေသည့်အတ္တများ ကင်းစင်သွားနိုင်သည်၊ ဤသို့စဉ်းစားမိသည့်အခါ အဘိဓမ္မာ၏ အရေးပါမှုကို ပို၍သိလာပြီး ထပ်ကာထပ်ကာကြိုးစားလေ့လာမိလိမ့်မည်၊ ထိုအခါ အဘိဓမ္မာ၏ ထူးခြားသည့်အရသာမှာ ပိုမိုပေါ်လွင်လာပြီး ဝိပဿနာအကျင့်အထိ ပညာလမ်းကို မှန်မှန်ကန်ကန် လှမ်းမိသွားနိုင်သည်ဟု ဆိုရပါလိမ့်မည်။

အခြေခံမျှ ပရမတ္ထတရားများ

အဘိဓမ္မာခြေလှမ်း စသည်နှင့် စိတ်၊ စေတသိက်၊ ပကိဏ်းတရားများနှင့် စတင်ထိတွေ့ရလိမ့်မည်။ စိတ်ဆိုသည်က အာရုံကိုယူ၍ အာရုံကိုသိရုံမျှပင်၊ လက္ခဏာအားဖြင့် တစ်ခုတည်း။ အာရုံကိုလက်ခံသည့် ထိုစိတ်များအပေါ် မှီတွယ်၍ အကောင်းအဆိုးခြယ်လှယ်နေသည်က စေတသိက်ဖြစ်သည်။ အကုသိုလ်စိတ် ၁၂ ပါးအပါအဝင် လောဘ၊ လောကုတ္တရာစိတ်ပေါင်း အကျဉ်း ၈၉၊ အကျယ် ၁၂၀၊ ခြယ်လှယ်နေသည့် ကုသိုလ်၊ အကုသိုလ် စေတသိက်က ၅၂ မျိုးအထိ အသေးစိတ်သရုပ်ခွဲလေ့လာခွင့်ရသည်။

စိတ်၊ စေတသိက်ကို ဆိုင်ရာ၊ ဆိုင်ရာအလိုက် ပေါင်းစည်း၊ သိမ်းဆည်းအုပ်စုဖွဲ့၍ ရောပြွမ်းဝေဖန်လိုက်သည့်အခါ ပကိဏ်းဟူ၍ဖြစ်လာသည်။ အာရုံနှင့် ခွါရက်ကို၍ဖြစ်လာသည့် ဝီထိစိတ်အစဉ်အတန်းများအကြောင်း၊ အတိတ်၊ ပစ္စုပ္ပန် ပြခဲ့ပြုမိသည့်ကံ အပေါ် မူတည်၍ ခုလာဘုံတွင် ဘဝများပြောင်းနေပုံ၊ သတ္တဝါများ မည်သို့မွေးဖွားလာသလဲ၊ ပဋိသန္ဓေစတင်ဖြစ်လာပုံနှင့် ဘယ်လိုသေဆုံးသွားကြသလဲ သေဆုံးခြင်း စုတိစိတ်များအကြောင်း၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်ရသော ရုပ် ၂၈ မျိုး၊ အကြောင်းကြောင့်ဖြစ်လာသည့် မိမိရုပ်ခန္ဓာအကြောင်းများကို အခြေခံမျှဆိုသော်လည်း ပြည့်ပြည့်စုံစုံ သိခွင့်ရလိမ့်မည်။

ထိုသို့သိရလျှင် မိမိကိုယ်မိမိ ဘယ်လိုပြုပြင်နေထိုင်သင့်ပါသလဲ၊ ရုပ်နှင့်ဆက်စပ်၍ နိဗ္ဗာန်တရားအကြောင်း၊ ဖော်ပြပါ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် အများကြီးပါလား၊ ကံကောင်းခြင်းမက ကံကောင်းလှသည်ဆိုသည့်အတွေးများနှင့်အတူ အရသာအားလုံးအနက် တရား၏အရသာသည် အလွန်ကောင်းမွန်လှသည်။ နှစ်သက်ဝမ်းသာမှုပီတိနှင့် ကိုယ်ရောစိတ်ပါ ချမ်းသာမှုသုခတို့ကို ပေးစွမ်းသည့် အမှန်တကယ် ရယူထိုက်သောမမွေဟူ၍ ယုံကြည်မှုများ ရှိလာပါလိမ့်မည်။

ခံယူချက်များပြောင်းလာမည်

အဆင်းလမ်း၊ အတက်လမ်း၊ ချမ်းသာအစစ်၊ ငြိမ်းချမ်းမှုအမှန်ဆိုသည်ကို မမြအစစ်ကသာ ပေးစွမ်းနိုင်သည်ဖြစ်သည်။ ထို့ကြောင့်လည်း အဘိဓမ္မာကို သင်ကြားနာယူလေ့လာကြရန် အခွင့်အလမ်းသင့်သူတိုင်းကို အခွင့်အရေးရတိုင်း တိုက်တွန်းမိသည်။ တစ်ဦးချင်းငြိမ်းချမ်းမှုမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံး အေးချမ်းသာယာမှုဆီ ရှေးရှုရာတွင် ကိုယ်စီကိုယ်င ကိုယ့်အကြောင်း၊ သူ့အကြောင်း၊ ပတ်ဝန်းကျင်အကြောင်း အမှန်သိသိခြင်းဖြင့်သာ လမ်းကြောင်းမှန်မှာ လျှောက်လှန်းနိုင်မည်ဟု ယုံကြည်ပါသည်။

အဘိဓမ္မာအခြေခံ တရားအသိကြောင့်သာလျှင် မိမိသည် ကုသိုလ်စိတ်နှင့် နေနေသည်လား၊ အကုသိုလ်စိတ်နှင့် နေနေသည်လား၊ ကုသိုလ်ဖြစ်နေသလား၊ အကုသိုလ်ဖြစ်နေသလားဟူ၍ မျက်စိပွင့်သွားသည်။ အလွန်ကို တန်ဖိုးရှိမည်ဟု အာမခံပါသည်။ ယခင်က ကုသိုလ်ဖြစ်သည်အထင်ဖြင့် အကုသိုလ်ဖြစ်နေသည်ကို သတိမထားမိခဲ့၊ သတိမထားမိတော့ အပါယ်သွားရဖွဲ့ များသည်ကိုလည်း နားမလည်ခဲ့ပါ။

ကုသိုလ်ဖြစ်မှန်းမသိ၊ အကုသိုလ်ဖြစ်မှန်းမသိ၊ ကုသိုလ်စိတ်က ဘာလဲ၊ အကုသိုလ်စိတ်က ဘာလဲ မသိ၍ ကုသိုလ်အထင်နှင့် အကုသိုလ်တွေ လုပ်မှန်းမသိ လုပ်မိသွားတတ်သည်။ ထို့ကြောင့် ပရမတ္ထတရားများကို သဘောတူရာချင်း စုစည်းမိရာမှ အာသဝေါ၊ နီဝရဏ၊ ဥပါဒါန်၊ ဗိုလ်၊ ဂ္ဂန္ထေ၊ သစ္စာလေးပါးဟူ၍လည်း လေ့လာခွင့်ရလိမ့်မည်။ ထို့နောက်တွင်မှ အကြောင်းတရားများ ပေါင်းစုညီညွတ်ခြင်းဖြင့်သာ အကျိုးတရားများဖြစ်လာရသည့် ပဋိစ္စသမုပ္ပာဒတရား၊ အမျိုးမျိုးသော အကြောင်းအကျိုးတရားတို့၏ ဆက်သွယ်ပုံကို ပစ္စယာကာရဓိဖြင့်ပြသော ပဋ္ဌာန်းတရား စသည် စသည်ဖြင့် လေ့လာခွင့်ရပါမည်။

နောက်ဆုံးတွင် အဖန်ဖန်အားထုတ်ရမည့် သမထ၊ ဝိပဿနာ၊ ဘာဝနာ ကမ္မဋ္ဌာန်းနှစ်ပါးနှင့် အတူ မေတ္တာဘာဝနာ၊ ဗုဒ္ဓဂုဏ်တော်ပွားများခြင်း အပါအဝင် သမထကမ္မဋ္ဌာန်း ၄၀ နှင့် ၁၀ ပါးသော ဝိပဿနာဉာဏ်စဉ်များကို အခြေခံမျှ နောက်ဆုံးဝိတ်လေ့လာလိုက်ရသည်။ စကားလုံးများ ဝေါဟာရ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အဓိပ္ပာယ်နှင့်တကွ အသေးစိတ် အလွတ်ကျက်မှတ်၊ သိခွင့်နားလည်ခွင့် ရလိုက်တော့မှ မိမိတို့တွင် မသိသေးတာတွေက

“အဘိဓမ္မာအသိဖြင့် လက်တွေ့တွင် ကိုယ်လုပ်တာ၊ ကိုယ်ပြောတာ အထူးသဖြင့် ကိုယ်တွေးရာ အတွေးများက ကုသိုလ်ဖြစ်ရဲ့လား၊ အကုသိုလ်ကင်းပါသလား၊ သတိမထားက အပါယ်လားနိုင်သည်ကို သိလာသည့်အခါ “သတိ”ကို အလိုလို ထားတတ်လာပါမည်။ လက်တွေ့အသုံးချ၍ “သတိ”အပေါ် ပိုင်းခြားဝေဖန်ဆင်ခြင်တုံတရား “ပညာ”ကိုပါ ထပ်ဆင့်လိုက်သည့်အခါ ဘဝမှာ နေတတ်ထိုင်တတ်လာမည်။ နောက်ဆုံး မမြဲသောသေခြင်းတရားကိုလည်း ရင်ဆိုင်ရဲပြီး သေတတ်လာမည်။ ကောင်းမှု၊ မကောင်းမှုလားရာသည် ကွဲကွဲပြားပြားဖြစ်သည်ဆိုသော တရားအသိကို သိအောင်သင်ရန်နှင့် နာယူနိုင်သမျှ နာယူသင့်ပါသည်။

သိမှလည်းကျင့်နိုင်မည်ဖြစ်သလို အကျင့်စခန်းအထိသွားမှလည်း လိုချင်တာရပါမည်။ ဤသည်ပင် ဗုဒ္ဓ၏အမွေကို လက်ဆင့်ကမ်းသယ်ဆောင်ခြင်းမည်ပါသည်။ ယခုလိုကာလသည် သာသနာအတွက် အရေးကြီးဆုံးအချိန်ဖြစ်၍ သာသနာမကွယ်ရန်၊ သာသနာတော် အခွန့်ရှည်တည်တံ့ပြန့်ပွားရန်နှင့် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန်သည် ယနေ့ ဗုဒ္ဓဘာသာဝင်အားလုံး၏ တာဝန်ဖြစ်သည်ဟု ခံယူသည့်အားလျော်စွာ သာသနာနှင့် ဆုံခိုက် သံသရာ ဆွေမျိုးပမာ ကျေးဇူးဆပ်ခြင်းတစ်မျိုးဟုသာ ခံယူပါသည်။

အနှစ်အားဖြင့် အသိ + ပညာ + အကျင့်ဖြင့် လူ့ဘဝအဓိပ္ပာယ်နှင့် လူ့ဘဝပန်းတိုင်ကို သိနေရန် ပင်ဖြစ်သည်။ သိမှသာ အရှုပ်အထွေးများကို လျော့ပါး သက်သာစေရန် ကြိုးစားဖြစ်ပါမည်။ ပတ်ဝန်းကျင်တွင် သံဝေဂယူစရာများ များလှသည့်အတွက် ရနေသေးသည့်အချိန်တွင် ကောင်းသည်ကိုလုပ်နိုင်ရန် အခွင့်အလမ်းမရှိသေးလျှင်သော်မှ ယခုမျက်မှောက် နာယူပူဇော်ခြင်းနှင့်ပင် ယခုဘဝ နောင်ဘဝသံသရာ အဆက်ဆက်ပါ ကောင်းသောအကျိုးကို ဇကန်ရနိုင်ရန် ကြိုးစားကြရပါမည်။

သို့မှသာ ဝါတွင်းကုန်၍ သီတင်းကျွတ်အခါ ရောက်တိုင်း ကျေးဇူးဆပ်အာဝါဇဉ်အပြည့်အဝ ကျေးဇူးဆပ်ဘဝကိုအသုံးချကာ ဘေးဥပဒ်အန္တရာယ်ကင်း၍ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံစေလိုသော ဆန္ဒအမှန်ကို ပြသရာရောက်ပါမည်။ ဤသို့ဖြင့် မိမိနှင့် လောကအဖြစ်အပျက်အားလုံးအပေါ် သဘာဝအတိုင်း အမှန်အတိုင်းသိအောင် ကြိုးစားကြပါမည်။ ထိုမှတစ်ဆင့် ကျွန်ုပ်တို့အားလုံးသည် အမှောင်မှ အလင်းသို့လှမ်း၍ တစ်ဦးနှင့်တစ်ဦး ခွင့်လွှတ်၊ သည်းခံ၊ စာနာနားလည်မှုများ ရင်ဝယ်ပိုက်ကာ ကောင်းမြတ်သောတရားများ ထူထောင်နိုင်ကြစေရန် ပူဇော်အထူးကုသိုလ်ပြုလိုက်ရပါသည်။ ။

ဒေါက်တာမြတ်မိုး



လွိုင်ကော်မြို့၌ ဆောင်းနေကြာစိုက်ပျိုးသည့် တောင်သူများအား သက်သာသောနှုန်းထားဖြင့် ယူရီးယားဓာတ်မြေဩဇာများ ရောင်းချပေး

လွိုင်ကော် အောက်တိုဘာ ၂၂

ကယားပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်အတွင်း ဆောင်းနေကြာစိုက်ပျိုးသည့် တောင်သူများအား သက်သာသောနှုန်းထားဖြင့် ယူရီးယားဓာတ်မြေဩဇာများ ရောင်းချပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က လွိုင်ကော်မြို့နယ်စုံပြ(၄) မိုင်ကျေးရွာ၊ ပဒါးညေး၊ လင်ဖုံလေး၊ ကုန်းသာ၊ ကုန်းဆွတ်၊ ပိန်းချစ်ကျေးရွာနှင့် ဒီးမော့ဆိုမြို့နယ် ဂေါ်ရခါးကျေးရွာနှင့် ဒေါပိုးစီကျေးရွာတို့မှ တောင်သူများထံ ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်သည်။

မြေဩဇာပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်က ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုစရိတ် လျော့ချနိုင်ရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် တောင်သူများထံ သက်သာသောနှုန်းထားဖြင့် ယူရီးယားဓာတ်မြေဩဇာများကို ရောင်းချပေးခြင်းဖြစ်ကြောင်း၊ ဓာတ်မြေဩဇာကို သီးနှံအမျိုးအစားအလိုက် လိုအပ်သည့် ပမာဏကို သင့်တော်မှန်ကန်စွာ အသုံးပြုရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် တောင်သူများက စိုက်ပျိုးရေးအတွက် လိုအပ်သည်များတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ စိုက်ပျိုးထားသည့် နေကြာစိုက်ခင်းဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးကာ တောင်သူများထံ ဆောင်းနေကြာမျိုးစေ့များ ပေးအပ်သည်။

ထို့ပြင် လွိုင်ကော်မြို့ မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်၍ နိုင်ငံဝန်ထမ်းအငြိမ်းစားများ ပင်စင်ထုတ်ယူနေမှုနှင့် ပင်စင်လာရောက်ထုတ်ယူကြသည့် နိုင်ငံဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေကို ကြည့်ရှုအားပေးပြီး အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်နှင့်ဆီတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



မြစ်ကြီးနားခရိုင် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၀ ရက်တွင် မြစ်ကြီးနားမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ် (၁) နှင့် အမှတ်(၂)စျေးတို့၌ မီးဘေးလုံခြုံရေးအသိပညာပေးပြီး စျေးဆိုင်များတွင် မီးသတ်ဆေးဘူးများ သက်တမ်းလွန်/မလွန်နှင့် ဆေးဖြည့်တင်းခြင်းတို့ကို အသိပညာပေးစဉ်။ ခရိုင်(ပြန်/ဆက်)

သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ပဲခူး အောက်တိုဘာ ၂၂



သာယာဝတီခရိုင် အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် မင်းလှ-မိုးညှိလမ်းပိုင်း ပြင်ဆင်ထိန်းသိမ်းနေမှုကို ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းပိုင်းအလိုက် တစ်ဆက်တစ်စပ်တည်း အဆင့်မြှင့်တင်နိုင်ရေးနှစ်စဉ်ဘတ်ဂျက်ရေးဆွဲတင်ပြရန် မှာကြားကာ မင်းလှ - မိုးညှိ လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မကျီးကုန်းကျေးရွာ၌ ဆီထွက်ပဲပုပ် တစ်ကွင်း တစ်ဆက်တည်း ဧက ၄၀၀၀ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေး အကျိုးရှိရှိ စနစ်တကျ သုံးစွဲရန်၊ သဘာဝမြေဩဇာနှင့် ရွက်ဖျန်းမြေဩဇာသုံးစွဲရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မိုးညှိ-ထိန်တော-လက်ပံတန်းလမ်းပေါ်ရှိ မိုင်တိုင် (၂၀/၃-၂၀/၅)၊ တံတားအမှတ် (၁/၂၁) ထွဋ်မြတ်ချောင်းတံတား ပေ ၉၀၀ မူလသစ်သား ကြမ်းခင်း အစား C-Channel ကြမ်းခင်း အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မိုးညှိ-ထိန်တော-လက်ပံတန်း လမ်းတစ်လျှောက် လမ်းဘေးဝဲယာ၌ ပဲပုပ်၊ ပဲတီစိမ်းနှင့် မတ်ပဲစိုက်ခင်းများ စိုက်ပျိုးအောင်မြင်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထိန်တော(အထက) ကျောင်း၌ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လက်ပံတန်း မြို့နယ် လက်ပံကုန်းကျေးရွာအုပ်စု၌ ဒေသခံတောင်သူများ မိုးစပါး ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး အုန်းကုန်းကျေးရွာနှင့် စာနီစုကျေးရွာ ကမ်းပြိုကမ်းစားမှု အခြေအနေနှင့် ကမ်းထိန်းပန်းတာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုကာ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတာ (တာမိုင် ၈/၁ မှ တာမိုင် ၁၀/၇) အတွင်း ရေတိုက်စား ကမ်းပြိုနေမှုနှင့် ရေဘေးကာကွယ်ရေး ပန်းတာတည်ဆောက်မည့် နေရာများသို့ စက်လှေဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေဘေးကာကွယ်ရေး တာများအပြင်၊ ဆည်/တမံများ၏ ကြွခိုင်မှုများကို စဉ်ဆက်မပြတ် ကြည့်ရှုစစ်ဆေးရန် မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သုံးခွမြို့၌ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးခဲ့သည့် မိုးစပါးရိတ်သိမ်း



သုံးခွ အောက်တိုဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အဇတ်ဝကျေးရွာရှိ အောင်ကောင်းမြတ် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများ၊ ဘုရားကြီးကျေးရွာကြံတိုင်းအောင်မွေးမြူရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသား တောင်သူများ၊ သရောတော ကျေးရွာ သရောတောစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများက နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများ စိုက်ပျိုးထည့်သွင်းဆောင်ရွက်ခဲ့သည့် မေဘီ(၃) မိုးစပါးများ စတင်ရိတ်သိမ်းနေမှုကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

စည်သူလင်း(ပြန်/ဆက်)

■

ဆောင်းနေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေးဆွေးနွေး



သုံးစွဲလျက်ရှိသော အမိုနီယမ်ဆာလဖိတ်ဓာတ်မြေဩဇာအသုံးပြုရာတွင် ထုတ်ပြန်ထားသည့် သတိပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကြို့ပင်ကောက် အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းနေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေးဆွေးနွေးပွဲကို စစ်ကုန်း (၂) ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၂၀ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ဆောင်းနေကြာတိုးချဲ့စိုက်ပျိုးရန်၊ မျိုးကောင်းမျိုးသန့်၊ အသုံးပြုစိုက်ပျိုးရန် စိုက်နည်းစနစ်မှန်ကန်ရေး စသည်တို့ကို ဆွေးနွေးသည်။

ကြို့ပင်ကောက်မြို့တွင် ဧရိုးကွက်ကောင်းမွန်သော ရေဆင်းပေါ်ဆန်း (၁)၊ ရေဆင်းပေါ်ဆန်း (၂) စပါးမျိုးများ တိုးချဲ့စိုက်ပျိုးရေးတောင်သူများအနေဖြင့် အခြားသောချန်ပီယံလိုင်ပွဲစဉ်တွေမှာတော့ ကိုမိုအောင်းက မန်ယူအောင်းကို လေးဂိုး-တစ်ဂိုး၊ ဂါလာတာစာရေးအောင်းက လိုင်လီအောင်းကို လေးဂိုး-နှစ်ဂိုး၊ အင်တာဓီလန်အောင်းက ရွက်ခ်တာဒိုးနက်စ်စ်အောင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဘိုင်ယန်မြူးနစ်အောင်းနဲ့ အာဆင်နယ်အောင်းတို့ ပွဲစဉ်မှာတော့ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ဒွေကြယ်

★ လိုက်ပံစစ်အသင်းမှ

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက လိုက်ပံစစ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ဘာနာဒို ဆေးလ်ဗားက တစ်ဂိုး၊ ဂူလာကတစ်ဂိုး၊ အမ်ဘာပိတကတစ်ဂိုး၊ ဒီအိုမန်ဒီက တစ်ဂိုး သွင်းယူပေးခဲ့ကာ လိုက်ပံစစ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဂိုမစ်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဘာနာဒိုဆေးလ်ဗားဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ပထမဆုံးဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပြီး အမ်ဘာပိတကတော့ ယခုဘောလုံးရာသီ ပြိုင်ပွဲစုံ ၁၂ ပွဲမှာ သွင်းဂိုး ၁၂ ဂိုးအထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ လိုက်ပံစစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံလိုင်ပွဲစဉ်(၃)အပြီးမှာ သုံးပွဲစလုံး အနိုင်ရရှိခဲ့မှုနဲ့ အတူ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ဆက်လက်ရပ်တည်နေတာဖြစ်ပါတယ်။

အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားခဲ့သည့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဆောင်နိုင်ကြီး ဓာတ်အားခွဲရုံမှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေး

နေပြည်တော် အောက်တိုဘာ ၂၂

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရှောဘုတိုက်ခိုက်ခဲ့များ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ခြင်းများကို ဥပဒေမဲ့ ယုတ်မာရိုင်းစိုင်းစွာကျူးလွန်လျက်ရှိကြပြီး စက်တင်ဘာ ၃၀ ရက်ညသန်းခေါင်အချိန်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆောင်နိုင်ကြီး ဓာတ်အားခွဲရုံ ဓာတ်အားထိန်းချုပ်ခန်း (Control Room)ပေါ်သို့ အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb နှစ်လုံးဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ဆောင်နိုင်ကြီးခွဲရုံမှ ဓာတ်အားပေးထားသော ဆောင်နိုင်ကြီး၊ မဲရုံးကြီး၊ မဲရုံးလေးနှင့် ဝင်းကလေး ကျေးရွာများတွင် ဓာတ်အားပြတ်တောက်ခဲ့သည်။

အဆိုပါ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ၃၃ ကေဗွီ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများသည် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းပြီး အောက်တိုဘာ ၁၉ ရက်တွင် ဗုံးစထိမှန်ပျက်စီးခဲ့သော Control Room အတွင်း ဆက်သွယ်ထားသည့် ၃၃ ကေဗွီနှင့် ၁၁ ကေဗွီ ထိန်းချုပ် (Control) ကေဘယ်လ်ကြိုးများ၊ ၁၁ ကေဗွီ Station ဖီဒါရှိ Power Cable များကို ပြန်လည်ပြုပြင်ခြင်း၊ လိုအပ်သော ပစ္စည်းများ အသစ် အစားထိုးပြုပြင်တပ်ဆင်ခြင်းများနှင့် အဆောက်အအုံအတွင်း ထိခိုက်ပျက်စီးမှုများကို ပြုပြင်ခြင်းများဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီးစီးခဲ့ပြီး ဆောင်နိုင်ကြီး၊ မဲရုံးကြီး၊ မဲရုံးလေးနှင့် ဝင်းကလေး ကျေးရွာများတွင် ယင်းနေ့ ညနေပိုင်းတွင် ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်



၃၃ ကေဗွီ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံရှိ Control Room ဘေးသို့ ဒရုန်းဗုံးနှစ်လုံး ကျရောက်ပေါက်ကွဲမှုကြောင့် ခွဲရုံမျက်နှာကြက်၊ ပြတင်းပေါက်အပေါ်မှန် ကိုးချပ်နှင့် တံခါးရွက်မှန် ရှစ်ချပ် ပြိုကျပျက်စီးမှုကို တွေ့ရစဉ်။



၃၃ ကေဗွီ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံရှိ Control Room ဘေးသို့ ဒရုန်းဗုံးနှစ်လုံး ကျရောက်ပေါက်ကွဲမှုကြောင့် ခွဲရုံထရန်စဖော်မာ Panel အတွင်းသို့ ဗုံးစဝင်ရောက်ထိမှန်၍ Control Cable များ ပျက်စီးမှုကို တွေ့ရစဉ်။



၃၃ ကေဗွီ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံရှိ Control Room ဘေးသို့ ဒရုန်းဗုံးနှစ်လုံး ကျရောက်ပေါက်ကွဲမှုကြောင့် ၁၁ ကေဗွီ Station Feeder 3C x 95 mm² Cu Cable ပျက်စီးမှုကို တွေ့ရစဉ်။

ရွှေကုန်္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုန်္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုန်္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၁၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ရွှေကုန်္ကိုလ်နယ်မြေ ဒုတိယပိုင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ လူအင်အား အသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် နှစ်လုံးတိုအား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။



နိုင်ငံတော်အစိုးရအနေဖြင့်ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထားနိမ့်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

နတ်မောက်မြို့၌ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ စစ်ဆေးခြင်းနှင့်လက်တွေ့မီးငြိမ်းသတ်သရုပ်ပြ

နတ်မောက် အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်မီးသတ်ဦးစီးဌာနက မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း၊ စစ်ဆေးခြင်းနှင့်လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းကို အောက်တိုဘာ ၁၉ ရက် ညနေ ၃ နာရီက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာနဒုတိယဦးစီးမှူး ဦးသူရက အပူရှိန်ပြင်းသော ရာသီကာလတွင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို မီးလောင်မှုအန္တရာယ် မကျရောက်စေရန် ရည်ရွယ်၍ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များကို မလိုလားအပ်သော မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအသိပညာပေးဟောပြောခြင်း၊ စက်သုံးဆီအရောင်းဆိုင်များတွင် မီးငြိမ်းသတ်ဆေးရည်ဘူးများရှိ/မရှိဆီသိုလှောင်ကန်များစနစ်တကျထားရှိမှု ရှိ/မရှိ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြပြီးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်ရှိ ဝန်ထမ်းများအားမီးသတ်ဆေးဘူးအသုံးပြုရှိမီးငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်ခြင်းများကို လက်တွေ့ပြသခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွာတောလေးကျေးရွာ၌ အောက်တိုဘာ ၂၂ ရက်က တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်စဉ်။

လဲ့လဲ့ခိုင်



ချင်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းနှင့်အဖွဲ့ ဖလမ်းမြို့ ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဖလမ်း အောက်တိုဘာ ၂၂

ချင်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်း ဖလမ်းမြို့ရှိ ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများကို ယမန်နေ့မွန်းလွဲပိုင်းက ဖလမ်းမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံပြီး လွတ်တော်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများက ဒေသလိုအပ်ချက်များကို တင်ပြကြရာ လွတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဖလမ်းပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူနေသည့် လူနာများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီး ခြောက်ခန်းတွဲ နှစ်ထပ်အိမ်ရာအား ယာယီဆေးရုံအဖြစ် ဆောင်ရွက်ရန် ပြင်ဆင်နေမှု၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံး ပြုပြင်ပြီးစီးမှု၊ မီးသတ်တပ်ဖွဲ့စခန်းအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယနေ့ နံနက်ပိုင်းတွင် လွတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဖလမ်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းကိုလည်းကောင်း၊ ဖလမ်းခရိုင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၆၆/၁၁ ကေဗွီ(၅) အမ်စွိအေ ဓာတ်အားခွဲရုံအဆောက်အအုံပြုပြင်ပြီးစီးမှု၊ ခွဲရုံအခြေအနေနှင့် လျှပ်စစ်ဝန်ထမ်းနေအိမ် ပြုပြင်ပြီးစီးမှုကိုလည်းကောင်း၊ ဖလမ်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှု၊ ဖလမ်းခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံး ပြုပြင်ပြီးစီးမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ ကုမ္ပဏီတာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လွတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း သတ်မှတ်အရည်အသွေးစံနှုန်းများနှင့်ကိုက်ညီသော စံကိုက်ကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၂

နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ပုဗ္ဗသီရိမြို့နယ် (သုခဒီပ) အခြေခံပညာ မူလတန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၊ (ပုပ္ပါးကုန်း) အခြေခံပညာမူလတန်းကျောင်း၊ ဥတ္တရသီရိမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ် (အကွက်ကြီး-၅)အခြေခံပညာ မူလတန်းကျောင်းနှင့် (ဧရာကြာပင်) အမှတ် (၂၅)အခြေခံပညာ မူလတန်းလွန်ကျောင်းများကို ယနေ့တွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် သတ်မှတ်အရည်အသွေးစံညွှန်းများနှင့်ကိုက်ညီသော စံကိုက်ကျောင်းများ အဖြစ် ဆောင်ရွက်ရာတွင် လိုအပ်မည့် မြေနေရာ အကျယ်အဝန်း၊ ကျောင်း၌ပမိရုပ် ကောင်းမွန်ရေး၊ Site Plan များနှင့်အညီ အဆောက်အအုံများ တည်ဆောက်ရေးတို့ကို မှာကြားသည်။

ထို့အတူ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် နှစ်အလိုက် စွမ်းဆောင်ရည်ပြန်လည်သုံးသပ်ခြင်းနှင့် နှစ်အလိုက် ဘဏ္ဍာငွေပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ပြီး လာမည့်ဘဏ္ဍာရေးနှစ်အတွက် ဦးစီးဌာနများ၏ ဘဏ္ဍာငွေလိုအပ်ချက်များ၊ ဦးစားပေးလုပ်ငန်းစဉ်များကို ဆွေးနွေးသတ်မှတ်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ကာလဝက် အကဲဖြတ်သုံးသပ်မှု (Mid-Term Review – MTR)အတွက် အချက်အလက်ပံ့ပိုးပေးရန် စသည့် အဓိကလုပ်ငန်းစဉ်သုံးခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် လေ့လာဆန်းစစ် အကဲဖြတ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဆန်းဝင်းက အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်နှင့် အဓိကရလဒ်များကို ရှင်းလင်းတင်ပြပြီး ဦးစီးဌာန အလိုက် ဆွေးနွေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။

သတင်းစဉ်



ဖလမ်းမြို့ စည်ပင်သာယာရေးအဖွဲ့၏ နှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာနှင့် အမှုဆောင်အရာရှိအိမ်ရာ ပြုပြင်ပြီးစီး

ဖလမ်း အောက်တိုဘာ ၂၂

ချင်းပြည်နယ် ဖလမ်းမြို့ စည်ပင်သာယာရေး အဖွဲ့၏ နှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာနှင့် အမှုဆောင်အရာရှိအိမ်ရာ ပြုပြင်ပြီးစီးမှု၊ လမ်းဦးစီးဌာနပိုင် ပစ္စည်းဂိုဒေါင် ပြုပြင်ပြီးစီးမှုနှင့် ပစ္စည်းသိုလှောင်ထားရှိမှုတို့ကို ယမန်နေ့က ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဖလမ်းမြို့နယ် ပညာရေးမှူးရုံး၌ ဖလမ်းခရိုင်နှင့် မြို့နယ်ပညာရေး ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး တက္ကသိုလ် ဝင်စာမေးပွဲတွင် အောင်ချက်ရာခိုင်နှုန်း မြင့်မားရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် သက်မွေးပညာ သင်တန်းကျောင်း၌ သင်တန်းကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ၊ ရိုးရာကျပ်ခုတ် သင်တန်း စတင်သင်ကြားပေးနေမှု၊ သင်တန်းဆောင်များ ပြုပြင်ပြီးစီးမှုတို့ကိုကြည့်ရှုအားပေးသည်။



ယနေ့ မွန်းလွဲပိုင်းကလည်း ဖလမ်းမြို့ ပြည်သူ့ဆေးရုံတွင် ဖလမ်းခရိုင်ရဲတပ်ဖွဲ့က တပ်ဖွဲ့ဝင်များအား ကျန်းမာရေး စစ်ဆေးပေးနေမှု၊ ဖလမ်းခရိုင်လမ်းဦးစီးဌာန သုံးထပ်ဆောင်တွင် ဖလမ်းခရိုင်/မြို့နယ် တရားရုံး ဖွင့်လှစ်ထားမှု၊ ဖလမ်းမြို့နယ် သမဝါယမဦးစီးဌာနရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှု၊ ဖလမ်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှု၊ ဖလမ်းခရိုင် စုံစမ်းစစ်ဆေးရေး ဦးစီးဌာနရုံး အဆောက်အအုံ ပြုပြင်ပြီးစီးမှု တို့ကိုကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ ပြုပြင်ရာတွင် ထွက်ရှိလာသည့် ဆယ်တင်ပစ္စည်းများ ပြန်လည်အသုံးပြုရန်၊ ရုံးလုပ်ငန်းများ စနစ်တကျလည်ပတ်နိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေး

မြောင်းမြ အောက်တိုဘာ ၂၂

ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြေရွေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းသိုက်က ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူး-၁ ဒေါ်လှရီက ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါကာကွယ်ဆေးများကို အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ (နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ) မြောင်းမြခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ရပ်နီးရပ်ဝေးမှ မည်သည့် ကလေးငယ်များမဆို လာရောက်ထိုးနှံနိုင်ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)





မြဝတီမြို့နယ် သဃ်နဲးညီနောင်ကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် အိမ်အမိုးသွပ်နှင့် ဘိလပ်မြေအိတ်များ ပေးအပ်

မြဝတီ အောက်တိုဘာ ၂၂

ကရင်ပြည်နယ် မြဝတီမြို့နယ် သဃ်နဲးညီနောင်ကျေးရွာ ပြန်လည်ထူထောင်ရေး အတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့သည့် အိမ်အမိုးသွပ်နှင့် ဘိလပ်မြေအိတ်များထောက်ပံ့ပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် သဃ်နဲးညီနောင်ကျေးရွာ ရွာလယ်ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ် လွတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုက အမှာစကား ပြောကြားပြီး ကရင်ပြည်နယ် လွတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေးက သဃ်နဲးညီနောင်ကျေးရွာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက သဃ်နဲးညီနောင် ကျေးရွာရှိ အိမ်ထောင်စု ၄၆ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ဘိလပ်မြေအိတ် ၂၀ နှင့် အိမ်အမိုးသွပ် အချပ် ၄၀ တို့ကို ပေးအပ်ခဲ့ရာ ကျေးရွာနေပြည်သူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



